# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 30 September 2026 ၁၂၃၁၇


**မိမိကိုယ်သာ ကိုးကွယ်ရာ**

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏၊ မိမိသည်သာလျှင် မိမိ၏(နောင်ဘဝအတွက်)သွားရာ (မှီခိုရာ) ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသော မြင်းကို ကောင်းစွာစောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို (အကုသိုလ်ကင်းအောင်) စောင့်ရှောက်လော့။

ဘိက္ခုဝဂ်( ဓမ္မပဒ–၃၈၀)

## ကုန်းတွင်းမုန်တိုင်းငယ်၏အရှိန်ကြောင့် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၂၉

ကုန်းတွင်းမုန်တိုင်းငယ်အခြေအနေ

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ မြန်မာနိုင်ငံ ရေနံချောင်းမြို့နှင့် ကျောက်ပန်းတောင်းမြို့တို့အကြားမှဖြတ်ကျော်ခဲ့သော ကုန်းတွင်းမုန်တိုင်းငယ်သည် မြောက်–အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ညောင်ဦးမြို့၏ အနောက်ဘက်မှ ဆက်လက်ဖြတ်ကျော်လျက်ရှိသည်။ အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်သည် မြန်မာနိုင်ငံ ညောင်ဦးမြို့၏ စာမျက်နှာ ၃ ကော်လံ ၁ သို့ ●






ဒုတိယသမ္မတ ဦးညိုစော e-Government ဦးဆောင်ကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆) တွင် အမှာစကားပြောကြားစဉ်။

## ဒုတိယသမ္မတ ဦးညိုစော e-Government ဦးဆောင်ကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆) သို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၂၉

e–Government ဦးဆောင်ကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂) ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ e–Government ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ e–Government ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱

## မလေးရှားထိန်းသိမ်းရေးစခန်းများရှိ မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

နေပြည်တော် စက်တင်ဘာ ၂၉

မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများနှင့် အခြားသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းကမ်းချက်များချိုးဖောက်ခဲ့သည့်အတွက် ပြစ်ဒဏ်များကျခံပြီးနောက် လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား စိစစ်ပြီးသူ ၁၄၇၆ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရန် တပ်မတော် (ရေ) မှ စစ်ရေယာဉ် (မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)နှင့် စာမျက်နှာ ၃ ကော်လံ ၅ သို့ ✳




**ယနေ့ ဖတ်စရာ**

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေး** စာမျက်နှာ » ၈

**သက်ကြီးပုဂ္ဂိုလ်များကို ပိုမိုကာကွယ်စောင့်ရှောက်နိုင်ဖို့ ခေတ်မီဆန်းသစ်သော နည်းစနစ်များဖြင့် သုံးသပ်ရှာကြံဖြည့်ဆည်းစို့** ဆောင်းပါး စာမျက်နှာ » ၁၀




## ATR 72-600 လေယာဉ်သစ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၉

အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း(MAI)၏ လေယာဉ်အုပ်စုနှင့် လေကြောင်းကွန်ရက်ဖွံ့ဖြိုးတိုးချဲ့ရေး၏ အဆင့်သစ်တစ်ရပ်အဖြစ် ATR 72–600 လေယာဉ်အသစ် XY–ANE (MSN 1827) သည် ပြင်သစ်နိုင်ငံ Toulouse မြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စက်တင်ဘာ ၂၈ ရက် ညနေ ၅ နာရီတွင် ရောက်ရှိလာသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ★

ကြေးမုံ

# သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ကာကွယ်ဆောင်ရွက်

ယမန်နေ့က ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသည့် မြန်မာနိုင်ငံ မွန်နှင့် တနင်္သာရီကမ်းရိုးတန်းတို့တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားခဲ့ပြီးနောက် ပိုမိုအားကောင်းသော မုန်တိုင်းငယ်ဖြစ်လာခဲ့သည်။ စက်တင်ဘာ ၂၈ ရက်နေ့ ည ၁၀ နာရီခွဲအချိန်တိုင်းထွာချက်များအရ စစ်တောင်းမြစ်ဝအနီး မွန်ပြည်နယ် ကျိုက်ထိုမြို့၏ တောင်ဘက်မှ ဖြတ်ကျော်ခဲ့သော အားကောင်းသော မုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားခဲ့ပြီး အညိုရောင်အဆင့် မုန်တိုင်းငယ်အဖြစ် သတ်မှတ်ခဲ့သည်။

အားကောင်းသောမုန်တိုင်းငယ်သည် ဗဟိုချက်တွင် လေဖိအား ၁၀၀၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ နှုန်းခန့်ဖြစ်ကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်ထားသည်။ အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် စက်တင်ဘာ ၂၈ ရက်နေ့ ညက သုံးခွမြို့၏ အရှေ့မြောက်ဘက် မိုင် ၅၀ ခန့်အကွာမှ ဖြတ်ကျော်လာခဲ့ပြီး စက်တင်ဘာ ၂၉ ရက်နေ့တွင် ပဲခူးမြို့၏အရှေ့ဘက် ၃၅ မိုင်ခန့်နှင့် ဖြူးမြို့၏ တောင်-အရှေ့တောင်ဘက် ၈၅ မိုင်ခန့်အကွာကို ဗဟိုပြု၍ ဖြတ်သန်းတိုက်ခတ်ပြီးနောက် နေပြည်တော်၊ မကွေးတိုင်းဒေသကြီးအတွင်းသို့ ဆက်လက်ဖြတ်ကျော်မည်ဟု ခန့်မှန်းခဲ့သည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် စက်တင်ဘာ ၃၀ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသို့ ဖြတ်သန်းဝင်ရောက်မည်ဟု ခန့်မှန်းခဲ့သည်။ အဆိုပါ အားကောင်းသောမုန်တိုင်းငယ်အရှိန်ကြောင့် စက်တင်ဘာ ၂၈ ရက်နေ့မှ ၃၀ ရက်နေ့အတွင်း မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးသည်းထန်စွာရွာသွန်းခဲ့သည်။

အားကောင်းသောမုန်တိုင်းငယ်အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးရေလျှံဖြစ်ခြင်း၊ မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသဌာနက ကြိုတင်အသိပေးခဲ့သည်။ မုန်တိုင်းငယ်ဖြစ်ပေါ်ခဲ့သည့်ကာလအတွင်း ဒေသအလိုက် မိုးသည်းထန်စွာရွာသွန်းမှုများ အချိန်ပိုင်းအလိုက်ဖြစ်ပေါ်ခဲ့ပြီး အချို့အနိမ့်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုကာလတစ်ခုအထိသာ ဖြစ်ပွားခဲ့သည်။ အားကောင်းသောမုန်တိုင်းငယ်သည် အညိုရောင်အဆင့်ဖြစ်၍ စိုးရိမ်ပူပန်မှု ကြီးကြီးမားမား မရှိနိုင်ဘဲ လက်တွေ့၌လည်း ဆိုးဆိုးရွားရွားဖြစ်ပေါ်မှုများ မကြုံတွေ့ရပေ။ သို့သော် မုန်တိုင်းငယ်စတင်ဖြစ်ပေါ်သည့်အချိန်မှစ၍ လူမှုကွန်ရက်စာမျက်နှာအချို့တွင် အများပြည်သူ အထိတ်တလန့်ဖြစ်စေရန် မမှန်မကန် သတင်းထုတ်လွှင့်မှုများရှိခဲ့ရာ ပြည်သူများသည် တရားမဝင်သတင်းများကို နားမယောင်ဘဲ တရားဝင်သတင်းများကိုသာ အသိအမှတ်ပြုကြရန်လိုပါသည်။

အားကောင်းသော မုန်တိုင်းငယ်အရှိန်ကြောင့် မြန်မာနိုင်ငံတစ်ဝန်း၌ မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် အစွန်းရောက်ရာသီဥတုအခြေအနေများနှင့် ကြုံတွေ့နိုင်၊ ကြုံတွေ့လျက်ရှိရာ မြစ်ငယ်ချောင်းငယ်များအနီး နေထိုင်ကြသောပြည်သူများအနေဖြင့် ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ်ကို သတိပြုနေထိုင်ကြရန်လိုသည်။ မြစ်ဝကျွန်းပေါ်ဒေသနှင့် မုတ္တမကွေ့၊ ကမ်းရိုးတန်းဒေသများတွင် နေထိုင်ကြသည့် ပြည်သူများက မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မိုးသက်လေပြင်းတိုက်ခတ်ခြင်းစသည်တို့ကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်သည်။ ယခုမိုးလေဝသဖြစ်စဉ်သည် မိုးအကုန် ဆောင်းအကူး ရာသီဥတုအကူးအပြောင်းကာလကို ပျက်ပြားစေသည့်ဖြစ်စဉ်ဖြစ်ပြီး ပြည်သူများအနေဖြင့် ကျန်းမာရေးကို အထူးဂရုစိုက်ရမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ပြည်သူများသည် ဖြစ်ပေါ်နေသော ရာသီဥတုအပြောင်းအလဲဖြစ်စဉ်များကို သတိပြု၍ ကြိုတင်ကာကွယ် ဆောင်ရွက်ထားရမည်ဖြစ်သည်။ ယခုအခါ အင်အားအလွန်ကောင်းသည့် အယ်လ်နီညိုဖြစ်စဉ်ကို ကမ္ဘာတစ်ဝန်းကြုံတွေ့နေသည်။ မြန်မာနိုင်ငံအနေဖြင့် ယခုကာလတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မုတ်သုံရာသီကုန်ဆုံးသွားပြီး ပုံမှန်ဆောင်းကာလသို့ ရောက်ရှိရမည်ဖြစ်သော်လည်း အယ်လ်နီညိုဖြစ်စဉ်ကြောင့် အလွန်ပူပြင်းသည့်ဒဏ်နှင့် ကြုံတွေ့နိုင်သည့်ကာလတွင် လတ်တလော၌ မုန်တိုင်းငယ်အရှိန်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို သတိပြုကြရန်နှင့် အယ်လ်နီညိုဖြစ်စဉ်နှင့်ပတ်သက်၍လည်း ကြုံတွေ့လာနိုင်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း။ ။

---

## အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့

**INTERNATIONAL DAY OF OLDER PERSONS**

သက်ရှည်ကျန်းမာခေတ်သစ်ဆီ စနစ်သစ်များဖြင့် လျှောက်လှမ်းမည်

" The Age of Longevity: Rethinking Systems for Longer Lives"

၁.၁၀.၂၀၂၆ နေပြည်တော်

---

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

---

## ၂၉ - ၉ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

---

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၉ - ၉ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၅၀၀ | ၁၈,၅၀၀ | ၄၁၂ | ၇,၆၂၂,၀၀၀ |
| MTSH | ၈,၆၀၀ | ၈,၆၀၀ | ၂,၇၂၃ | ၂၃,၄၁၉,၁၀၀ |
| MCB | ၁၂,၅၀၀ | ၁၃,၅၀၀ | ၁၂၉ | ၁,၆၂၁,၅၀၀ |
| FPB | ၇,၂၀၀ | ၇,၂၀၀ | ၁၀၃ | ၇၄၁,၆၀၀ |
| TMH | ၃,၃၅၀ | ၃,၃၅၀ | ၃၃ | ၁၁၀,၅၅၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၂,၇၁၂ | ၄,၆၄၆,၀၀၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၀ | ၀ |
| MAEX | ၆,၆၀၀ | ၆,၄၀၀ | ၁၂၉ | ၈၄၁,၄၀၀ |
| MADPL(PLB) | ၆,၄၀၀ | ၆,၄၀၀ | ၆၂ | ၃၉၆,၈၀၀ |
| ASPGB(PLB) | ၆,၀၀၀ | ၆,၀၀၀ | ၁,၆၉၁ | ၁၀,၁၄၇,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

---

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မိုမိုအောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
Gmail themirror.npt@gmail.com
https://www.moi.gov.mm/km
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**✱ ရှေ့ဖုံးမှ**

အစည်းအဝေးတွင် ဒုတိယသမ္မတက နိုင်ငံတော်၏ e-Government လုပ်ငန်းစဉ်များကို ပိုမိုထိရောက်ကျယ်ပြန့်စွာ အကောင်အထည်ဖော်ပြီး အစိုးရတစ်ရပ်လုံး အတိုင်းအတာဖြင့် Digital Government သို့ ကူးပြောင်းနိုင်ရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ လုပ်ငန်းစဉ်များ အောင်မြင်စေရန် အစိုးရကဏ္ဍတစ်ခုတည်းက ဆောင်ရွက်ရုံသာမက ပုဂ္ဂလိကကဏ္ဍ၊ နည်းပညာကျွမ်းကျင်သူများနှင့် ပူးပေါင်းပါဝင်သည့် Public-Private Partnership(PPP) မူဘောင်များ ဖော်ဆောင်ရေး၊ Single Window နှင့် One-Stop Digital Services Platform များဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး၊ သတင်းအချက်အလက်လုံခြုံရေးနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ အမျိုးသားအဆင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ ၂၀၃၀ နှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးဥပဒေတို့ကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးတို့နှင့် ပတ်သက်၍ အသေးစိတ်ဆွေးနွေးမှာကြားပြီး ပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်သည့် e-Government မှသည် Digital Government တစ်ရပ် တည်ဆောက်ရေးအတွက် ဌာနများ၊ အဖွဲ့အစည်းများအားလုံး စနစ်တကျ ဟန်ချက်ညီညီ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌက e-Government အကောင်အထည်ဖော် ဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ဦးဆောင်ကော်မတီအတွင်းရေးမှူးက e-Government အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ကော်မတီ အဖွဲ့ဝင်များက e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

## မြစ်ကြီးနားမြို့ရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

**မြစ်ကြီးနား စက်တင်ဘာ ၂၉**

နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပြည်နယ်၊ ပြည်မအကြားအလပ်မရှိ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သော ဒေသများတွင် လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



**ထောက်ပံ့ပေးအပ်**

အလားတူ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့မှုများကို ဘဏ္ဍာနှစ်အလိုက် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ထောက်ပံ့ပေးအပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့က မြစ်ကြီးနားမြို့ရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။

အဆိုပါထောက်ပံ့ပေးအပ်ပွဲကို မြစ်ကြီးနားမြို့ မနောရွှေပြည်ခန်းမ၌ ကျင်းပပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်အချိုးကျပါကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းမှုရှိမှသာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုတိုးမြင့်ဆောင်ရွက်နိုင်မည် ဖြစ်သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ယာယီနေရပ်စွန့်ခွာပြည်သူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ပြီး တိုင်းရင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြား၍ ပြည်နယ်ဝန်ကြီးချုပ်က အားပေးစကားပြောကြားသည်။

ထို့ပြင် တက်ရောက်လာသူများ၏ အခက်အခဲတင်ပြချက်များကို ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**✳ မလေးရှားမှ**

စစ်ရေယာဉ် (ဆင်ဖြူရှင်) တို့သည် မလေးရှားနိုင်ငံ လူမွတ်ဆိပ်ကမ်းသို့ စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ရောက်ရှိသည်။

အဆိုပါ မြန်မာနိုင်ငံသားများကို မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံး (ကြည်း၊ ရေ၊ လေ) တို့အနေဖြင့် မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာန တာဝန်ရှိသူများထံမှ စနစ်တကျ လွှဲပြောင်းလက်ခံခဲ့ပြီး စစ်ရေယာဉ်များသည် စက်တင်ဘာ ၂၉ ရက် ညပိုင်းတွင် မလေးရှားနိုင်ငံ လူမွတ်ဆိပ်ကမ်းမှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာလာကြောင်း သိရသည်။ **သတင်းစဉ်**

## ကန့်ကြီးထောင့်မြို့နယ်၌ ရေနုတ်မြောင်းများ ဖော်ထုတ်ရှင်းလင်း

**ကန့်ကြီးထောင့် စက်တင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ်တွင် မြို့နယ်အင်္ဂါရပ်နှင့်အညီ မိုးတွင်းကာလ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရေနုတ်မြောင်းများ ဖော်ထုတ်ရှင်းလင်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများက မြို့အဝင် အမှတ်(၃)ရပ်ကွက်ရှိ ရေနုတ်မြောင်းများအား ဘတ်ဟိုးယာဉ်များဖြင့် တူးဖော်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများအား လူအင်အားဖြင့် ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **ကျော်ဇင်စိုး(ပြန်/ဆက်)**

**★ ATR 72-600 မှ**

MAI ၏ မြန်မာနိုင်ငံရှိ မြို့များအမည်ဖြင့် လေယာဉ်များကို အမည်ပေးသည့် အစဉ်အလာအရ XY-ANE ကို Naypyitaw ဟု အမည်ပေးထားပြီး Water Cannon Salute ဖြင့် ဂုဏ်ပြုကြိုဆိုခဲ့သည်။

အဆိုပါလေယာဉ်သည် မြန်မာနိုင်ငံတွင် နောက်ဆုံးပေါ်မျိုးဆက် PW127XT အင်ဂျင်တပ်ဆင်ထားသော ပထမဆုံး ATR 72-600 လေယာဉ်ဖြစ်ပြီး လည်ပတ်မှုပိုမိုကောင်းမွန်ခြင်း၊ လောင်စာဆီသုံးစွဲမှုကို ငါးရာခိုင်နှုန်းအထိ လျှော့ချနိုင်ခြင်းနှင့် အင်ဂျင်အသုံးပြုနိုင်မှု (On-Wing Reliability) ပိုမိုကောင်းမွန်ခြင်းတို့ကို ပံ့ပိုးပေးနိုင်ကြောင်း၊ ထို့ပြင် XY-ANE နှင့်အတူ ATR 72-600 လေယာဉ်အုပ်စုတွင် ပါဝင်မည့် XY-ANF (MSN 1836) သည်လည်း ထပ်မံရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလေယာဉ်ရောက်ရှိလာမှုသည် ၂၀၂၆ ခုနှစ် ဒုတိယနှစ်ဝက်အတွင်း အကောင်အထည်ဖော်မည့် MAI ၏ မဟာဗျူဟာမြောက် လေယာဉ်အုပ်စုတိုးချဲ့ရေးအစီအစဉ်၏ ကနဦးခြေလှမ်းတစ်ရပ်ဖြစ်ပြီး အဆိုပါ မဟာဗျူဟာအရ MAI သည် ၎င်း၏ အဓိက Airbus လေယာဉ်အုပ်စုကို လက်ရှိ ရှစ်စင်းမှ ၁၁ စင်းအထိ တိုးချဲ့သွားမည်ဖြစ်ပြီး Wet-Lease စနစ်ဖြင့် လည်ပတ်မည့် A321F လေယာဉ်တစ်စင်းလည်း ပါဝင်မည်ဖြစ်သည်။ ထို့ပြင် ဒေသတွင်းခရီးစဉ်များအတွက် ATR Turboprop လေယာဉ်အုပ်စုကို လက်ရှိ လေးစင်းမှ ကိုးစင်းအထိ တိုးမြှင့်သွားမည်ဖြစ်ပြီး Mingalar နှင့်အတူ လည်ပတ်မည့် လေယာဉ်တစ်စင်းလည်း ပါဝင်မည်ဖြစ်သည်။

အဆိုပါ တိုးချဲ့ရေးအစီအစဉ်များ အကောင်အထည်ဖော်ပြီးစီးပါက ၂၀၂၆ ခုနှစ် နှစ်ကုန်တွင် MAI ၏စုစုပေါင်းလေယာဉ်အရေအတွက် အစင်း၂၀ အထိ ရောက်ရှိရန် ရည်မှန်းထားပြီး MAI အနေဖြင့် ရန်ကုန်နှင့် မန္တလေးတို့ကို အဓိကလေကြောင်း အချက်အချာနေရာများအဖြစ်ထားရှိကာ မြန်မာနိုင်ငံအတွင်းနှင့် နိုင်ငံတကာခရီးစဉ်များအပါအဝင် ခရီးစဉ်ဒေသ ၄၁ ခုသို့ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။ **ကိုထက်**

**● ကုန်းတွင်းမုန်တိုင်းငယ်မှ**

အနောက်ဘက် ၁၅ မိုင်ခန့်၊ ပေါက်မြို့၏ အရှေ့တောင်ဘက် မိုင် ၂၀ ခန့်နှင့် မုံရွာမြို့၏ တောင်-အနောက်တောင်ဘက် မိုင် ၇၀ ခန့် အကွာကို ဗဟိုပြုနေသည်။

ကုန်းတွင်းမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံ ညောင်ဦးမြို့၏ အနောက်ဘက်မှ ဖြတ်ကျော်နေသဖြင့် အညိုရောင်အဆင့်ဟု သတ်မှတ်သည်။

**ကုန်းတွင်းမုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်သည် ယနေ့ညနေ ၅ နာရီခွဲတွင် မြောက်လတ္တီကျု ၂၁.၂ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၉၄.၇ ဒီဂရီတွင် ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းခန့်ဖြစ်သည်။

**နောက် ၁၂ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်သည်မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက် ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ချင်းပြည်နယ်တို့ကို ဆက်လက်ဖြတ်ကျော်နိုင်ကာ အားကောင်းသောလေဖိအားနည်းရပ်ဝန်း အဖြစ်သို့ အားလျော့သွားမည်ဟု ခန့်မှန်းရသည်။




၂၉-၉-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၁၇: ၃၀ နာရီအချိန် တိုင်းထွာချက်အရ ကုန်းတွင်းမုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ

**သတိပေးနှိုးဆော်ချက်**

အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညမှ အောက်တိုဘာ ၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကုန်းတွင်းမုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းတွင်းမုန်တိုင်းငယ် ဖြတ်သန်းရာဒေသများတွင် နေထိုင်ကြသည့် ပြည်သူများအနေဖြင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသက်လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၉**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန် အစည်းအဝေး ပထမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၄၂ ဦး တက်ရောက်သဖြင့် ၉၆ ဒသမ ၇၉ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စု လွှတ်တော် နာယက ဦးအောင်လင်းဒွေးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယ ပုံမှန်အစည်းအဝေးသို့ ကျန်းမာရွှင်လန်းစွာ စုံစုံညီညီ တက်ရောက်လာသည့်အတွက် ဝမ်းမြောက်ပါကြောင်း။

ယခုတတိယပုံမှန်အစည်းအဝေးကာလတွင် ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းလာမည့် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းဆိုင်ရာ ရငွေသုံးငွေများ၊ ဖြည့်စွက်ခွင့်ပြုငွေများကို ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျစိစစ်ပြီး ဥပဒေအဖြစ် ပြဋ္ဌာန်းထုတ်ပြန်နိုင်ရေး ဆွေးနွေးဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးနိုင်ရန် အတွက် ဒုတိယ ပုံမှန်အစည်းအဝေးကာလတွင် ရငွေသုံးငွေများစိစစ်ရေး ပူးပေါင်းအဖွဲ့(၁၈)ဖွဲ့ကို စိစစ်ရမည့် ဗဟိုအဖွဲ့အစည်းနှင့် ဝန်ကြီးဌာနများအလိုက် ကြိုတင်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ စိစစ်ရေး ပူးပေါင်းအဖွဲ့များ အနေဖြင့် ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းသတ်မှတ်ရက်များအတိုင်း အချိန်မီပြီးစီးနိုင်ရေး အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စု လွှတ်တော်၏ ဥပဒေပြုရေး လုပ်ငန်းများကို ဆောင်ရွက်ကြရမည့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်သည် အလွန်ကြီးမားပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးသည် မိမိတို့ကိုယ်တိုင်က ဥပဒေပညာရှင်များ၊ ဥပဒေလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုသူများ မဟုတ်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာ လွှတ်တော်ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို သေသေချာချာလေ့လာ သိရှိထားရန် လိုပါကြောင်း။

လွှတ်တော် အစည်းအဝေးများ ရပ်နားထားစဉ်ကာလတွင် အချို့သော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး ဒေသခံပြည်သူများ ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ခဲ့ရပြီး အဆိုပါဒေသများသို့ နိုင်ငံတော်အစိုးရနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အလှူရှင်များအချင်းချင်း ပူးပေါင်းပါဝင်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့်အတွက် အသိအမှတ်ပြုကျေးဇူးတင်ပါကြောင်း။

ပြည်သူအားလုံးကို ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယခင်ပုံမှန်အစည်းအဝေးကာလများထက် ယခုပုံမှန်အစည်းအဝေးတွင် ပိုမိုများပြားသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ လုပ်ငန်းတာဝန်များကို အချိန်မီနှင့် အောင်မြင်စွာပြီးမြောက်နိုင်ရန်အတွက် မိမိတို့ တာဝန်ယူ၊ တာဝန်ခံ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကိုစိတ်ကောင်းစေတနာမှန်ဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထု အကျိုးအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအား ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအဖြစ် အမည်ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းနှင့် ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ်၊ ၅/၂၀၂၆ ထုတ်ပြန်ခြင်း**နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် ၅/၂၀၂၆ ဖြင့်ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနအဖြစ် အမည်ပြောင်းလဲ သတ်မှတ်ခဲ့ပါကြောင်း။

ယဉ်ကျေးမှုသည် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအတွက် အရေးပါသည့် အသက်သွေးကြောဖြစ်ပါကြောင်း၊ အမွေအနှစ်များ၏ ဆွဲဆောင်မှု၊ ထူးခြားမှု၊ ဝင်ငွေနှင့် ရေရှည်တည်တံ့မှုကို ဖန်တီးပေးပါကြောင်း၊ ယဉ်ကျေးမှုကိုတန်ဖိုးထားထိန်းသိမ်းပြီး ဟိုတယ်လုပ်ငန်းနှင့် ဟန်ချက်ညီစွာ ပေါင်းစပ်နိုင်မှသာ ရေရှည်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုသည် နိုင်ငံအတွက်အရေးကြီးပြီး အမျိုးသားရေး စရိုက်လက္ခဏာကို ဖော်ဆောင်ပေးခြင်းနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေသည့် အခြေခံအရင်းအမြစ်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ ဌာနနှင့် ဝန်ထမ်းဖွဲ့စည်းပုံအရ ယဉ်ကျေးမှုက ဟိုတယ်နှင့် ခရီးသွားထက် ပိုမိုဖွဲ့စည်းပုံကြီးမားပါကြောင်း၊ လတ်တလော ဝန်ကြီးဌာန အမည်ပြောင်းလဲသတ်မှတ်လိုခြင်း သည်လည်း မကြာမီကျင်းပတော့မည့် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအတွက် ယဉ်ကျေးမှုကို ရှေ့တန်းတင်ဂုဏ်ပြု၍ အချိန်မီဆောင်ရွက်လိုသည့် အတွက် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ရပ်နားထားချိန်တွင် နိုင်ငံတော်အတွက် အုပ်ချုပ်ရေး ကဏ္ဍဆိုင်ရာ လိုအပ်ချက်အရ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့် ထုတ်ပြန်၍ ဝန်ကြီးဌာန အမည် ပြောင်းလဲသတ်မှတ်ခဲ့မှု အပေါ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းရခြင်း ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပစဉ်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထောင်စုဝန်ကြီး အစားထိုးခန့်အပ်ခြင်းနှင့် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် ၆/၂၀၂၆ ထုတ်ပြန်ခြင်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်ရီက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၃)နှင့် အညီ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေကို စစ်ဘက် မူလတာဝန်များကို ပြန်လည် ထမ်းဆောင်စေပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကြီးကိုကိုဦးကို ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အဖြစ် ခန့်အပ်တာဝန်ပေးအပ်ခဲ့ပါကြောင်း။

ပြည်ထဲရေး ဝန်ကြီးဌာနသည် နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ကိစ္စရပ်များကို အဓိကတာဝန်ယူ ဆောင်ရွက်ရသည့် ဝန်ကြီးဌာနဖြစ်ပါကြောင်း၊ ပြည်ထဲရေး ဝန်ကြီးဌာနသည် နိုင်ငံတော်၏ ဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးအင်အားစု များစွာကို စုစည်းထားပြီး အဓိကအားဖြင့် လူမှုလုံခြုံရေး၊ ရာဇဝတ်မှု ကာကွယ်တားဆီးခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း၊ လမ်းစည်းကမ်းစီမံခန့်ခွဲမှု တို့ကို တာဝန်ယူသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စီးပွားရေးရာ ရာဇဝတ်မှုများ၊ အဂတိလိုက်စားမှုနှင့် ငွေကြေးခဝါချမှုများကို စုံစမ်းစစ်ဆေးသည့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းထောင် စီမံခန့်ခွဲမှု တာဝန်ယူသည့် အကျဉ်းဦးစီးဌာန၊ မီးဘေးကာကွယ်ရေး၊ တားဆီးရေးနှင့် ကယ်ဆယ်ရေး တို့ကို တာဝန်ယူသည့် မီးသတ်ဦးစီးဌာန၊ အဓိကအားဖြင့် ရပ်ကျေးအဆင့်မှ ပြည်ထောင်စုအဆင့်အထိ အထွေထွေ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို တာဝန်ယူ ဆောင်ရွက်ရသည့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန တို့ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် အများပြည်သူ အေးချမ်းသာယာရေး အတွက် လုပ်ငန်းလည်ပတ် ဆောင်ရွက်နေသည့် ဝန်ကြီးဌာန တစ်ခုဖြစ်ပါကြောင်း၊ ထိုသို့သော အကြောင်းအချက်များ အရ ပြည်ထဲရေး ဝန်ကြီးဌာန၏ နိုင်ငံတော်လုံခြုံရေးနှင့် အများပြည်သူ အေးချမ်းသာယာရေး ဆိုင်ရာလုပ်ငန်းကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် လတ်တလော လိုအပ်ချက်အရ ပြည်ထောင်စု လွှတ်တော်အစည်းအဝေး ရပ်နားထားချိန်တွင် ဥပဒေကဲ့သို့အာဏာတည်သောအမိန့် ထုတ်ပြန်၍ ခန့်အပ် တာဝန်ပေးမှုအပေါ် ပြည်ထောင်စု လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆို တင်သွင်းရခြင်း ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စု လွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် အမည်စာရင်းတင်သွင်းထားသည့် ပုဂ္ဂိုလ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက ခန့်အပ်ရန် သဘောတူကြောင်း ကြေညာခြင်း သို့မဟုတ် ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်း အစီအစဉ်ကို ပြည်ထောင်စု လွှတ်တော် အစည်းအဝေး ဒုတိယနေ့တွင် ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ် အနေဖြင့် ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၃၃ အရ ကန့်ကွက်ကြောင်း အဆိုကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် နာယကထံ တင်သွင်းရမည်ဖြစ်ပြီး ယင်းအဆိုနှင့်အတူ ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ထားသည့် အရည်အချင်းနှင့် မပြည့်စုံကြောင်း ခိုင်လုံသည့်သက်သေအထောက်အထားများကို ပူးတွဲတင်ပြရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတ ထံမှ ပြည်ထောင်စု ဝန်ကြီးအဖြစ် ခန့်အပ်လိုကြောင်း တင်ပြထားသည့်ပုဂ္ဂိုလ်အား ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ (ဂ) တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့်မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ၂၀၂၆ အောက်တိုဘာ ၁ ရက် ကြာသပတေးနေ့ ညနေ ၄ နာရီ နောက်ဆုံးထားပြီး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့နိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စု လွှတ်တော်နာယကက နိုင်ငံတော်သမ္မတက အဆိုပြုတင်ပြထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဒေါက်တာမျိုးဝင်းအောင်နှင့် ဦးစောမျိုးမျိုးတို့၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြပြီး အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ အဆိုပြုတင်ပြလာသည့် ပုဂ္ဂိုလ်များနှင့်ပတ်သက်ပြီး ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိပါက ခန့်အပ်ရန် သဘောတူကြောင်း ကြေညာခြင်း သို့မဟုတ် ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းအစီအစဉ်ကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ဒုတိယနေ့တွင် ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ် အနေဖြင့် ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၃ အရ ကန့်ကွက်ကြောင်းအဆိုကို ပြည်ထောင်စု လွှတ်တော် အစည်းအဝေးတွင် နာယကထံ တင်သွင်းရမည်ဖြစ်ပြီး ယင်းအဆိုနှင့်အတူ ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ သတ်မှတ်ထားသည့် အရည်အချင်းနှင့် မပြည့်စုံကြောင်း ခိုင်လုံသည့် သက်သေအထောက်အထားများကိုပါ ပူးတွဲတင်ပြရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော် သမ္မတထံမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်လိုကြောင်း အဆိုပြုတင်ပြထားသည့်ပုဂ္ဂိုလ်များအား ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၀၁ ပါ သတ်မှတ်ထားသည့် အရည်အချင်း များနှင့် မပြည့်စုံကြောင်းသက်သေ ထင်ရှားပြ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁ ရက် ကြာသပတေးနေ့ ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်ထောင်စု လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း ပေးပို့နိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဒီဇယ်ဆီ HSD (500 ppm) နှင့် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ထပ်မံတိုးမြှင့်ခွင့်ပြုနိုင်ရေး ကိစ္စတို့နှင့်စပ်လျဉ်း၍** ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဟန်ဝင်းအောင်က နိုင်ငံတော် အစိုးရအနေဖြင့်

**စာမျက်နှာ ၅ သို့** ❖

❖ စာမျက်နှာ ၄ မှ

ပြည်သူလူထု စားဝတ်နေရေး၊ လူမှုစီးပွားဘဝ အဆင်ပြေစေရေး တို့အတွက် အထူးအလေးထား ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ တစ်ဖက်တွင်လည်း ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးစသည့် ပြည်သူ့အကျိုးပြု ဝန်ဆောင်မှုလုပ်ငန်းများအတွက် ရန်ပုံငွေများကို လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်ပြီး ချိန်ဆ၍ ခွဲဝေသုံးစွဲလျက်ရှိပြီး အခွန်ဘဏ္ဍာငွေ တိုးတက်ကောက်ခံရရှိရေးကိုလည်း အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဒီဇယ်ဆီကို ပြည်ပမှတင်သွင်းခြင်းနှင့် ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်းတို့အပေါ် ၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ အထူးကုန်စည်ခွန် ၅ ရာခိုင်နှုန်းနှင့် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းတို့ ကျသင့်မည်ဖြစ်ပါကြောင်း၊ သဘာဝဓာတ်ငွေ့ရည်ကို ပြည်ပမှ တင်သွင်းခြင်းနှင့် ပြည်တွင်း၌ ပြည်လည်ရောင်းချခြင်းအပေါ် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ကျသင့်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခဖြစ်ပွားမှု အခြေအနေနှင့် ကမ္ဘာ့လောင်စာဆီဈေးနှုန်းအခြေအနေ၊ ပြည်တွင်း ဒီဇယ်ဆီဈေးနှုန်းနှင့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်း၊ ဓာတ်အားခဈေးနှုန်း အခြေအနေနှင့် အခြားဒေသတွင်း နိုင်ငံများ၏ တုံ့ပြန်ဆောင်ရွက်မှု အခြေအနေများအပေါ် လစဉ်သုံးသပ်လျက်ရှိရာ ဒီဇယ်ဆီအပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်၊ သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန်တို့ကို စက်တင်ဘာလအတွက် (၁) လ ထပ်မံ တိုးမြှင့်ကင်းလွတ်ခွင့် ပြုရန် လိုအပ်လျက်ရှိပါကြောင်း။

၂၀၂၆ ခုနှစ် ဩဂုတ်လအတွက် အခွန် ကင်းလွတ်ခွင့်ပြုရာ ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ရယူပြီးမှ နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် အများပြည်သူထံသို့ အသိပေးကြေညာချက် ထုတ်ပြန်ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

ယခု စက်တင်ဘာလအတွက် ဒီဇယ်ဆီ HSD (500 ppm) နှင့် သဘာဝဓာတ်ငွေ့ရည်တို့အပေါ် ကောက်ခံသည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ (၁) လ ထပ်မံတိုးမြှင့်၍ ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ထုတ်ဝေသည့် နိုင်ငံပိုင်သတင်းစာများတွင် အများပြည်သူသို့ အသိပေးကြေညာချက် ထုတ်ပြန်ကြေညာခဲ့ပါကြောင်း။

ထိုသို့ ဆောင်ရွက်ရခြင်းမှာ အဆိုပါကာလသည် လွှတ်တော်အစည်းအဝေး ရပ်နားထားသည့် ကာလဖြစ်ပြီး အခွန်ကင်းလွတ်ခွင့်ပြုသည့်ကိစ္စသည်လည်းအခွန်ထမ်းပြည်သူများနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက အချိန်နှင့်တစ်ပြေးညီ သိရှိလိုက်ပါဆောင်ရွက်နိုင်ရန် လိုအပ်လျက်ရှိသည့်အတွက် ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း။

သို့ပါ၍ ဒီဇယ်ဆီ (HSD 500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည် (LNG) အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ (၁) လ ထပ်မံခွင့်ပြုပေးနိုင်ရေးအတွက် ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စု လွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရ **အစား** ဗိုလ်မှူးကြီးစိုးရန်နောင်အား ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်သို့ တင်ပြ၍ မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်ထောင်စု လွှတ်တော်နာယကက လွှတ်တော် အစည်းအဝေးများ ရပ်နားထားစဉ်ကာလအတွင်း ပြည်ထောင်စု လွှတ်တော် ဒုတိယနာယက Jeng Phang နော်တောင်(ခ) ဦးနော်တောင် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယား အထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင်၏ ဖိတ်ကြားချက်အရ ဒုတိယအကြိမ်မြောက် လွှတ်တော်ဥက္ကဋ္ဌများ ညီလာခံသို့ ၂၀၂၆ ခုနှစ် ဩဂုတ် ၂၆ ရက်မှ ၂၈ ရက်အထိ သွားရောက်ခဲ့သည့် ခရီးစဉ်၊ နိုင်ငံတကာ ပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပွင့်ဆန်း ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ကျင်းပပြုလုပ်သည့် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းသို့ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၈ ရက်အထိ သွားရောက်ခဲ့သည့် ခရီးစဉ်နှင့် နိုင်ငံတကာ ပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီ အတွင်းရေးမှူး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်သီဟ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပပြုလုပ်သည့် အာဆီယံလွှတ်တော်များဆိုင်ရာ တတိယအကြိမ် ဆွေးနွေးပွဲသို့ ၂၀၂၆ ခုနှစ် ဩဂုတ် ၁၉ ရက်မှ ၂၇ ရက်အထိ သွားရောက်ခဲ့သည့် ခရီးစဉ်တို့ကို လွှတ်တော်သို့တင်ပြ၍ မှတ်တမ်းတင်သည်။

ဆက်လက်၍ ပြည်ထောင်စု လွှတ်တော် နာယကက ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ်မြင့်သောင်း **အစား** ဗိုလ်မှူးချုပ်ဇော်ဇော်ထွန်းအားလည်းကောင်း၊ ပြည်ထောင်စု လွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ်ဝင်းကိုကို **အစား** ဗိုလ်မှူးချုပ် ခင်မောင်စိုးအားလည်းကောင်း၊ အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာပူးပေါင်းကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးတင့်လွင်အေး **အစား** ဗိုလ်မှူးဇင်ကိုဝင်းအား လည်းကောင်း ပြောင်းလဲ တာဝန်ပေးအပ်ခြင်းကို တင်ပြ၍ လွှတ်တော်၏ အတည်ပြုချက်ရယူ အတည်ပြုသည်။

ဆက်လက်၍ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ကို အောက်တိုဘာ ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

## ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ရှမ်းပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၉**

လူဦးရေစာရင်းများပြုစုရာတွင် မြို့နယ်ဦးစီးမှူးရုံးများရှိ အိမ်ထောင်စုလူဦးရေစာရင်းကို အခြေခံပြုစုရသည့်အတွက် အိမ်ထောင်စုလူဦးရေစာရင်းပါ အချက်အလက်များ မှန်ကန်ရန် လိုအပ်ကြောင်း၊ လူဦးရေ အတိုး အလျော့၊ ပြောင်းဝင် ပြောင်းထွက်၊ သေဆုံးပယ်ဖျက်စာရင်းများကို သတ်မှတ်ချက်နှင့်အညီ ကာယကံရှင်က ဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ ကော်မတီအဆင့်ဆင့်ကလည်း သက်ဆိုင်ရာရုံးများသို့ အသိပေးဆောင်ရွက်နိုင်ရေး နှိုးဆော်ကာ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကြရန်လိုကြောင်း ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှု ကော်မတီဝင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ဆွေးနွေး ပြောကြားသည်။





ထို့အတူ ရှမ်းပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက ပြည်နယ်အတွင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအဆင့်ဆင့်နှင့် မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုနှင့် ဗဟိုကော်မတီ၏ ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ကော်မတီအဆင့်ဆင့်၏ လုပ်ငန်းတာဝန်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ အသီးသီး ရှင်းလင်းဆွေးနွေးတင်ပြကြပြီး ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကလောမြို့နယ် ဦးစီးမှူးရုံးသို့ သွားရောက်၍ ရုံးအဝင်၌ ဧည့်ကြိုကောင်တာ ထားရှိဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ရုံးအတွင်း၌ ဝန်ထမ်းများက ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်း ပြောင်းဝင်/ပြောင်းထွက်နှင့် မွေးဖွားမှု၊ သေဆုံးမှုတို့အတွက် လူဦးရေအတိုး/အလျော့လုပ်ငန်းစဉ်များ၊ အသက်(၁၈)နှစ်ပြည့်ပြီး အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသူများ၊ နိုင်ငံသားစိစစ်ရေးကတ် ပျက်စီး/ပျောက်ဆုံးသူများအား နိုင်ငံသားစိစစ်ရေးကတ် စိစစ်ထုတ်ပေးရေးနှင့် UID ကောက်ယူမှုလုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်နေမှုကို ကြည့်ရှုသည်။ ထို့နောက် နေ့ချင်းပြီး ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID တို့ကို ကာယကံရှင် တစ်ဦးချင်းထံ ပေးအပ်ပြီး ဝန်ထမ်းများအတွက် ချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပေါက်ခေါင်းမြို့နယ်၌ ရေမြောင်းများဆယ်ယူရှင်းလင်း



**ပေါက်ခေါင်း စက်တင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်အတွင်း ရေမြောင်းပိတ်ဆို့မှုများ၊ ရေးကြီး/ရေလျှံမှုများ ဖြစ်ပွားမှု မရှိစေရေးအတွက် မြို့နယ်အတွင်းရှိ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်ခြင်းကို ယမန်နေ့မွန်းလွဲပိုင်းက မြို့နယ်အားကစားကွင်း အနောက်ဘက်လမ်း၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရေမြောင်းအား တူးဖော်ခြင်း၊ မြောင်းအတွင်းမှ အမှိုက်သရိုက်များ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး အဆိုပါလုပ်ငန်းအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**

## ဘားအံမြို့၌ ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေး

**ဘားအံ စက်တင်ဘာ ၂၉**

အကြိမ်(၂၀)မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက ဘားအံမြို့ အမှတ်(၄)အခြေခံပညာမူလတန်း(လွှန်)ကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဘားအံခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ခွေးရူးရောဂါဖြစ်ပွားရသည့် အကြောင်းအရာများ၊ ခွေးရူးရောဂါလက္ခဏာများ၊ ခွေးရူးရောဂါကာကွယ်တားဆီးရေးနည်းလမ်းများကို ဆွေးနွေးဟောပြောပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ခွေးနှင့်ကြောင်များကို ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## အင်အားအနည်းငယ်ရှိသော မြေလျှင်တစ်ခု လှုပ်ရှား

**နေပြည်တော် စက်တင်ဘာ ၂၉**

ယနေ့ မွန်းလွဲ ၁ နာရီ၊ ၅၇ မိနစ်၊ ၀၄ စက္ကန့်တွင် မန္တလေးမြေလျှင်စခန်းမှ အနောက်တောင်ဘက် လေးမိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (အောင်မြေသာစံမြို့နယ်၏ အနောက် – အနောက်မြောက်ဘက် နှစ်မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၉၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၆ ဒီဂရီ၊ အနက် ၁၂ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၆ (M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေလျှင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၉**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကျိုက်ထီးရိုးစေတီတော်သို့ နိုင်ငံခြားခရီးသည်များ လာရောက်ခွင့်ဖြေလျှော့ပေးရေး၊ စက်ရေတွင်းတူးခြင်း၊ ရေစုကန်ဆောက်ခြင်း၊ ရေစုပ်ပန့်တပ်ဆင်ခြင်းနှင့် ရေပိုက်လိုင်းသွယ်ခြင်းများ ဆောင်ရွက်ပေးရေး၊ မြေငှားဂရန်ထုတ်ပေးရေး၊ လမ်းအဆင့်မြှင့်တင်ပေးရေး၊ တန်ဖိုးသင့်အိမ်ရာများ တည်ဆောက်ပေးရေးနှင့် တံတားအဆင့်မြှင့်တင်ပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၀ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးစိုးလှ၏ **ကျိုက်ထီးရိုးစေတီတော်တည်ရှိရာဒေသသို့ နိုင်ငံခြားခရီးသည်များ လာရောက်ခွင့်ရှိသည့်အခြေအနေအား ဖြေလျှော့ပေးရန်သို့မဟုတ် ၎င်းတို့ အလွယ်တကူဝင်ရောက်နိုင်ရန် ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ကျိုက်ထီးရိုးစေတီတော်သို့ နိုင်ငံခြားသားခရီးသွားဧည့်သည်များ ယခုထက်ပို၍ အလွယ်တကူ လွတ်လပ်စွာ ဝင်ရောက်နိုင်ရန်အတွက် အွန်လိုင်းမှတစ်ဆင့် လျင်မြန်စွာ ခွင့်ပြုချက်ရယူနိုင်သည့်စနစ်အား အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်း၊ နိုင်ငံခြားသား ခရီးသွားဧည့်သည်များဝင်ရောက်မှု၊ တည်းခိုမှုနှင့် သွားလာမှုများကို သက်ဆိုင်ရာဌာနများမှ စနစ်တကျမှတ်တမ်းထားရှိခြင်း၊ ခရီးသွားပြည်သူများနှင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ စိတ်အေးချမ်းသာစွာဖြင့် ဘုရားဖူးလာရောက်လည်ပတ်နိုင်ရေး အတွက် သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ လုံခြုံရေးပူးပေါင်းဆောင်ရွက်ပေးခြင်း၊ ပွဲ့လင်းရာသီကာလ ဘုရားဖူးဧည့်သည်များ အများဆုံးလာရောက်သည့် အချိန်အခါများ၌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ မွန်ပြည်နယ်အစိုးရတို့မှ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ခရီးသွားလာခွင့်ဆိုင်ရာ လုပ်ငန်းစဉ်များကို ပိုမိုမြန်ဆန်စွာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံခြားသား ခရီးသွားဧည့်သည်များ၏ လုံခြုံရေးကို အလေးထား ဆောင်ရွက်နိုင်ရန် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေး ရဲတပ်ဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ခရီးလှည့်လည်ရေး ကုမ္ပဏီများ၏ အစီအစဉ်ဖြင့် ဝင်ရောက်သည့် ခရီးစဉ် (Package Tour)များ အတွက် ခရီးစဉ်ကြိုတင်ခွင့်ပြုမိန့် ရရှိစေရေးအတွက် ၁၄ ရက်ကြိုတင်၍ တင်ပြရမည့်အစား ရုံးပိတ်ရက်မပါ ၁၀ ရက်ကြိုတင်၍ တင်ပြရန် ဖြေလျှော့ပေးခဲ့ပါကြောင်း၊ ခရီးသွားဧည့်သည်များ အဆင်ပြေစွာ လည်ပတ်နိုင်ရေး အတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့်မွန်ပြည်နယ် အစိုးရအဖွဲ့တို့၏ ခွင့်ပြုချက်၊ သဘောထားမှတ်ချက်နှင့် အညီ သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၏ **မလှိုင်မြို့နယ် မြို့ဦးကွက်သစ်ရပ်ကွက်နှင့် နယ်မြေ (၁၀/ ၁၁/ ၁၄) တို့အတွက် စက်ရေတွင်းတူးခြင်း၊ ရေစုကန်ဆောက်ခြင်း၊ ရေစုပ်ပန့်တပ်ဆင်ခြင်းနှင့် ရေပိုက်လိုင်းသွယ်ခြင်းများအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က မလှိုင်မြို့သည် ရပ်ကွက်ကြီး လေးခုနှင့် ထန်းတောရပ်ကွက် တိုးချဲ့ကွက်သစ်ဟူ၍ ခြောက်ရပ်ကွက်ရှိပြီး စည်ပင်သာယာမှ မြို့ရေပေးဝေနိုင်မှုမှာ အမှတ်(၂)၊ အမှတ်(၃)၊ အမှတ်(၄) ရပ်ကွက်များသို့ပေးဝေလျက်ရှိပြီး ယခုတင်ပြသည့် မြို့ဦး ကွက်သစ်ရပ်ကွက်နှင့် နယ်မြေ(၁၀)၊ နယ်မြေ(၁၁)၊ နယ်မြေ(၁၄)တို့သည် အမြင့်ပိုင်းတွင် တည်ရှိသောကြောင့် လက်ရှိ ရေမပေးဝေနိုင်ခြင်း ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မြို့ဦးကွက်သစ်ရပ်ကွက်နှင့် နယ်မြေ(၁၀)၊ နယ်မြေ(၁၁)၊ နယ်မြေ(၁၄) တို့အတွက် သန့်ရှင်းသောသောက်သုံးရေ ရရှိနိုင်ရန် ၆" စက်ရေတွင်း တူးဖော်ခြင်း၊ ရေစုကန် တည်ဆောက်ခြင်း၊ ရေစုပ်ပန့် တပ်ဆင်ခြင်းနှင့် ရေပိုက်လိုင်း သွယ်တန်းခြင်း လုပ်ငန်းများအား ဆောင်ရွက်မည်ဆိုပါက ယခုလက်ရှိ ဒေသပေါက်ဈေးနှုန်းဖြင့် တွက်ချက်ပါက ခန့်မှန်းကုန်ကျငွေ ကျပ် ၂၉၈ ဒသမ ၆ သန်း ကုန်ကျမည်ဖြစ်ပြီး ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်တွင် တင်ပြတောင်းခံ၍ ဘဏ္ဍာငွေ ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လှိုင်သာယာ (အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးချမ်း၏ **ရန်ကုန်မြို့အတွင်းရှိ ဘတ်စ်ကားမှတ်တိုင်များနှင့် ရှေ့နောက်ကြေညာဆိုင်းဘုတ် လုပ်ပိုင်ခွင့်စာချုပ်အား မည်သို့ပြန်လည်စိစစ်၍ ဥပဒေနှင့်အညီ မည်ကဲ့သို့ အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ကောင်စီဝင် ဦးဝင်းမိုးခိုင်က ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအနေဖြင့် ဘတ်စ်ကားမှတ်တိုင် တည်ဆောက်ခြင်း ကြော်ငြာတပ်ဆင်ခြင်း လုပ်ငန်းကို FML Decaux Co.,Ltd တစ်ခုတည်းကိုသာ လုပ်ကိုင်ခွင့်ပြုထားခြင်းမရှိပါကြောင်းနှင့် ဘတ်စ်ကားမှတ်တိုင် တည်ဆောက်ခြင်း လုပ်ငန်း လုပ်ကိုင်ခွင့်ပြုထားသော ကုမ္ပဏီများကိုလည်း စာချုပ်ပါ သတ်မှတ်ချက်များ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး FML Decaux Co.,Ltd အနေဖြင့်လည်း တစ်စုံတစ်ရာ ဖောက်ဖျက်ကျူးလွန်ခြင်းမရှိပါ၍ ၎င်းကုမ္ပဏီကို အရေးယူဆောင်ရွက်သွားရန် မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

အင်းစိန်မဲဆန္ဒနယ်မှ ဦးငြိမ်းထွေး၏ **အင်းစိန်မြို့နယ်၌ အိမ်ရာကွက်ဖော်ပြီး အဆောက်အအုံများဆောက်လုပ် ရောင်းချခြင်းနှင့် ဂရန်မြေကွက်များ ရောင်းချခြင်းသည် မည်သည့်ဌာနမှ ခွင့်ပြုထားသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ကောင်စီဝင် ဦးဝင်းမိုးခိုင်က အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်ရှိ 9-Avenue Villa အား I Green Construction Co., Ltd မှ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါကြောင်း၊ ခွင့်ပြုချက်မရှိဘဲ ခြံစည်းရိုးကာရံသဖြင့် ၂၀၁၈ ခုနှစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေအရ တရားစွဲဆိုအရေးယူထားပါကြောင်း၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင်လည်း မြေကွက်ခွဲစိတ်လျက် ရှိပါကြောင်းနှင့် မြေပြင်တွင် အဆောက်အအုံများ ဆောက်လုပ်ခြင်း မရှိပါကြောင်း။

အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်ရှိ Palm Hill Villa အား I Green Construction Co.,Ltd မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခွင့်ပြုချက်မရှိဘဲ ခြံစည်းရိုးကာရံသဖြင့် ၂၀၁၈ ခုနှစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေအရ တရားစွဲဆို အရေးယူထားပါကြောင်း၊ မြေကွက် ၂ ဒသမ ၉၂၈ ဧကတွင် အဆောက်အအုံရှစ်လုံး တင်ပြထားသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ရာ မြေကွက်ခွဲစိတ်ပြီး မြေကွက်တစ်ကွက်ချင်းစီအလိုက် တင်ပြလာမှသာ ဆောင်ရွက်ပေး၍ရမည်ဖြစ်ကြောင်း၊ အမှုတွဲပိတ်သိမ်းခွင့်တွင် ထည့်သွင်းအကြောင်းကြားထားပါကြောင်းနှင့် မြေပြင်တွင် အဆောက်အအုံများ ဆောက်လုပ်ထားခြင်း မရှိပါကြောင်း။

အင်းစိန်မြို့နယ် တည်းကုန်းရပ်ကွက်ရှိ OASIS Villa အား I Green Construction Co.,Ltd မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မုခ်ဦးနှင့် အကာအရံများသာ ဆောင်ရွက်ထားပါကြောင်းနှင့် မြေပြင်တွင် အဆောက်အအုံများ ဆောက်လုပ်ထားခြင်း မရှိပါကြောင်း။

အင်းစိန်မြို့နယ် မြို့သစ်(၈)ရပ်ကွက်ရှိ Royal Taw Win Villa မြေပြင်စစ်ဆေးချက်အရ Royal Ponnami Residences အား Max Co.,Ltd နှင့် ရွှေတောင်ကုမ္ပဏီလီမိတက်တို့မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခြံစည်းရိုးကာရံခွင့် တင်ပြထားခြင်းနှင့် ပတ်သက်၍ စိစစ် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မြေပြင်တွင် အဆောက်အအုံများ ဆောက်လုပ်ထားခြင်းမရှိပါကြောင်း။

အဆိုပါ အိမ်ရာစီမံကိန်းများအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနနှင့် အင်ဂျင်နီယာဌာန(အဆောက်အအုံ)တို့မှ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့်အား ထုတ်ပေးထားခြင်း မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဟင်္သာတ မဲဆန္ဒနယ်မှ ဦးငွေဝင်း၏ **ဟင်္သာတမြို့ ရုံးကြီးရပ်ကွက် ကြက်ခြေနီအသင်းရုံးနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးတို့၏ ရုံးမြေနေရာအား စည်ပင်သာယာဦးစီးဌာနမှ စွန့်လွှတ်ပေး၍ မြေငှားဂရန်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ကောင်စီဝင် ဦးဝင်းမိုးခိုင်က မြို့နယ်ကြက်ခြေနီအသင်းရုံးနှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးတို့ ဆောက်လုပ်ထားသော မြေနေရာသည် ဟင်္သာတမြို့ ရုံးကြီးရပ်ကွက် ဦးရွှေဒွေးလမ်းနှင့် ဗိုလ်စောမောင် လမ်းကြားရှိ အကွက်အမှတ်(၃၂)၊ အကွက်အမည် ရုံးကြီးရပ်၊ ဦးပိုင်အမှတ်(၇)၊ ဧရိယာ ၁ ဒသမ ၀၇ ဧကရှိ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းအရ 1(A) မြူနီစီပယ်အမည်ပေါက် မြေပေါ်တွင်တည်ရှိပြီး မြို့နယ်ကြက်ခြေနီအသင်းရုံးမှာ အကျယ်အဝန်း အလျား ပေ ၅၀၊ အနံ ၂၆ ပေ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံးမှာ အကျယ်အဝန်း အလျား ၁၀၁ ပေ၊ အနံ ၄၄ ပေ ရှိပါကြောင်း။

ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် အဆိုပါမြေနေရာအား မြို့၏အဓိကကျသော Down Town Area တွင် ရှိသဖြင့် မူဝါဒလမ်းညွှန်ချက်များနှင့်အညီ အများပြည်သူ ကိုယ်လက်လှုပ်ရှား အပန်းဖြေရန်နေရာအဖြစ် ဘဏ္ဍာရေးနှစ်အလိုက် စီမံချက်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြူနီစီပယ်အမည်ပေါက် မြေနေရာပေါ်တွင် တည်ဆောက်ထားသော မြို့နယ်ကြက်ခြေနီအသင်းရုံးနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး မြေနေရာများနှင့် ခြံဝန်းတို့အား လတ်တလောစွန့်လွှတ်မည့်အစီအစဉ် မရှိသေးပါကြောင်းနှင့် ဆက်လက်အသုံးပြုရန် ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးမိုးတင်၏ **စေတုတ္တရာမြို့နယ်အတွင်းရှိ မျဉ်းကြောင်းတောင်အဆင်းမှ တပွင်ရွာအထိ လမ်း၌ ဖူးဝမှ ကျောက်ချောလမ်းအား ကွန်ကရစ်လမ်းအဖြစ် လည်းကောင်း၊ ကျန်ဂဝံလမ်းအား ကျောက်ချောလမ်းအဖြစ် လည်းကောင်း အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က စေတုတ္တရာမြို့နယ် အတွင်းရှိ ခရိုင်ချင်းဆက်လမ်းမှ ခွဲထွက်ပြီး ကျေးရွာချင်းဆက်လမ်းဖြစ်သည့် မျဉ်းကြောင်းတောင်(ဥမ္မာကုန်း)အဆင်းမှ တပွင်ရွာအထိလမ်းသည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်ရှိ အလယ်ဟန်ဒေါက်-ဖူးလမ်းဖြစ်ပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့်လမ်းဖြစ်ပါကြောင်း၊ လက်ရှိလမ်း၏ အခြေအနေမှာ ကျောက်လမ်း ၆ မိုင် ၅ ဖာလုံနှင့် အမာခံလမ်း ၉ မိုင် ၄ ဖာလုံ ဖြစ်ပြီး စုစုပေါင်း ၁၆ မိုင် ၁ ဖာလုံ ဖြစ်ပါကြောင်း။

၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်တွင် မူလကျောက်လမ်းပိုင်းမှ ပျက်စီးမှုများသော လမ်းအရှည် ၁ မိုင် ၄ ဖာလုံအား ကျောက်လမ်းပြုပြင်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ရန် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပါကြောင်းနှင့် ကျန်ရှိသော အမာခံလမ်းများအား ကျောက်လမ်းခင်းခြင်းလုပ်ငန်းအားလုံး ဆောင်ရွက်ပြီးပါက ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန်အတွက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် နှစ်အလိုက် လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဗိုလ်တထောင် မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းထိုက်၏ **Smart City ဖြစ်စေရန် တန်ဖိုးသင့်အိမ်ရာများ တည်ဆောက်ပေးခြင်း၊ စက်မှု/ စိုက်ပျိုး/ မွေးမြူရေးလုပ်ငန်းအား**

စာမျက်နှာ ၇ သို့ ✦

## ပြင်ဆင်ဖတ်ရှုပါရန်

စက်တင်ဘာ ၂၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၆ ပါ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် မြန်မာနိုင်ငံ အမှန်တရားနှင့် တရားမျှတသော အမျိုးသားပါတီ(MNTJP/ MNDAA)တို့ တွေ့ဆုံဆွေးနွေးသတင်း ကော်လံ ၄ ဒုတိယအပိုဒ် စာကြောင်းရေ ၁၂ တွင် **အွန်လိုင်းလိမ်လည်မှုနှင့် မူးယစ်ဆေးဝါးလုပ်ငန်းများ တိုက်ဖျက်ရေး၊ တားဆီးနှိမ်နင်းရေးတို့အတွက် နှစ်ဖက်ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်းအဖွဲ့**

✦ စာမျက်နှာ ၆ မှ

**အကျိုးတူလုပ်ကိုင်ရန် အငှားမြေများချထားပေးခြင်းနှင့် ကားလမ်းမပေါ်တွင် ဈေးရောင်းချနေသူများကို စနစ်တကျရှင်းလင်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်** စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်အပါအဝင် မြို့ကြီးများတွင်ရှိသော နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားများနှင့် အိမ်ငှားရမ်းနေထိုင်လိုသူ ပြည်သူများအတွက် အိမ်ငှားခသက်သာသော ပြည်သူ့အငှားအိမ်ရာ စီမံကိန်းများနှင့် တန်ဖိုးနည်း/တန်ဖိုးမျှတ အရောင်းအိမ်ရာများကို တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် လည်းကောင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် လည်းကောင်း တည်ဆောက်၍ ငှားရမ်းခြင်း၊ ရောင်းချခြင်းများဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြို့ကြီးများ၌ အလုပ်အကိုင်အခွင့်အလမ်းအတွက် စက်မှု/ စိုက်ပျိုး/ မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ပေးရန် ကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးထားသော စက်မှုဇုန် စုစုပေါင်းဧရိယာ ဧက ၁၂၀၀၀ ကျော်ရှိသည့်အပြင် ညောင်နှစ်ပင် စိုက်ပျိုး/ မွေးမြူရေးဇုန် ဧရိယာ ၁၀၀၆၂ ဧက၊ တွံတေး၊ ကော့မှူး၊ တိုက်ကြီး မွေးမြူရေးဇုန်ဧရိယာ ၃၈၂၂ ဧကနှင့် သီလဝါ စိုက်ပျိုး/မွေးမြူရေးဇုန်၊ ရွှေမယင်းငါးမွေးမြူရေးကန် တို့ကိုလည်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း။

ကျေးလက်နှင့် နယ်မြို့များတွင် နေစရာနှင့် အလုပ်အကိုင်အတွက် အငှားမြေယာများ ဆောင်ရွက်ပေးရန်နှင့်စပ်လျဉ်း၍ စိုက်ပျိုး/ မွေးမြူရေး ဆောင်ရွက်ရန်အတွက် မြေယာလိုအပ်သူများ၊ လုပ်ကွက်ငယ် တောင်သူလယ်သမားများသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆက်နွှယ်သော စီးပွားရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေအသုံးပြုခွင့် တင်ပြတောင်းခံ ဆောင်ရွက်နိုင်ပါကြောင်း။

မြို့ကြီးများ၏ ကားလမ်းမပေါ်တွင် ကြုံသလိုဈေးရောင်းချနေသူများ၏ စားဝတ်နေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များ၏ စည်ပင်သာယာရေးအဖွဲ့များက သတ်မှတ်နေရာများတွင် ဈေးရုံများ၊ အခွန်လွတ်ဈေးများ၊ ရပ်ကွက်ဈေးများ တည်ဆောက်၍ ယင်းနေရာများတွင် ရောင်းချနိုင်ရေး စီမံဆောင်ရွက်ပေးခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်း ရရှိစေမည်ဖြစ်ပြီး တစ်ဖက်တွင်လည်း စည်းကမ်းမဲ့ ကျူးကျော် ရောင်းချခြင်းများကို စည်ပင်သာယာရေး ဥပဒေများနှင့်အညီ ပညာပေးခြင်း၊ ရှင်းလင်းဖယ်ရှားခြင်းဖြင့် စနစ်ကျ၍ သန့်ရှင်းသပ်ရပ်သည့် မြို့များဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

အိမ်မဲ မဲဆန္ဒနယ်မှ ဦးတင်ဦး၏ **ညောင်ကုန်းချောင်းဖျား၊ သရက်ကုန်းကျေးရွာ အုပ်စုချင်းဆက်လမ်းအား ဘဏ္ဍာရေးနှစ်အလိုက် နှစ်စဉ် ထည့်သွင်းလျာထား၍ ပျက်စီးနေသောလမ်းကိုဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်** စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ညောင်ကုန်း-ချောင်းဖျား-သရက်ကုန်းလမ်းသည် အိမ်မဲ - ဒါးက လမ်းပေါ်ရှိ ချောင်းဖျားကျေးရွာမှ စတင်၍ သရက်ကုန်းကျေးရွာသို့ ဆက်သွယ်ထားသော စုစုပေါင်း အရှည် ၁၂ မိုင် ၅ ဖာလုံရှိသည့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၃ မိုင် ၅ ဖာလုံနှင့်ကျောက်ခင်းလမ်း ၉ မိုင်ဖြစ်ပြီး စုစုပေါင်းလမ်းအရှည် ၁၂ မိုင် ၅ ဖာလုံ ဖြစ်ပါကြောင်း၊ အဆိုပါလမ်းအား ပထမအဆင့်အနေဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် ပျက်စီးမှုများပြားသော ကျောက်ခင်းလမ်းအရှည် ၄ ဖာလုံကို ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်း ဆောင်ရွက်နိုင်ရန် လျာထားပြီး ဒုတိယအဆင့်အနေဖြင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်မှ စတင်၍ ကျောက်ခင်းလမ်း အသစ်ဆောင်ရွက်ခြင်း လုပ်ငန်းများကို နှစ်အလိုက်ရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တီးတိန်မဲဆန္ဒနယ်မှ ဦးဆလိုင်းအောင်ပြည့်၏ **တီးတိန်မြို့နယ် မဏိပူရ်မြစ်ကူး ဒါတ်တားတံတားအား အဆင့်မြှင့်တင်တည်ဆောက်ပေးနိုင်ရန်အစီအစဉ် ရှိ/မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ချင်းပြည်နယ် တီးတိန်ခရိုင် တီးတိန်မြို့နယ်ရှိ မဏိပူရ်မြစ်ကူး ဒါတ်တားတံတားသည် ချင်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသော ပတ်ဇန်-ဟောလေး လမ်းပေါ်တွင် တည်ရှိသည့် အရှည်ပေ ၃၅၀ ရှိသော တံတားဖြစ်ပါကြောင်း၊ အဆိုပါတံတားသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးစီမံကိန်းရန်ပုံငွေဖြင့် သံပေါင်ကြိုးတံတား အလျား ပေ ၃၅၀ နှင့် အကျယ် ၁၄ ပေ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ၎င်းဦးစီးဌာနမှ ပြည်နယ်ရန်ပုံငွေဖြင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သော တံတားဖြစ်ပါကြောင်း။

လတ်တလောအခြေအနေအရ ၎င်းတံတားအား ခံနိုင်ဝန် တန် ၆၀ အထိ အဆင့်မြှင့်တင်တည်ဆောက်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် နောင်ယာဉ်သွားလာမှုလိုအပ်ချက်ရှိသည့်ကာလမှသာ အဆိုပါတံတားအား ခံနိုင်ဝန် တန် ၆၀ အထိ အဆင့်မြှင့်တင် တည်ဆောက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အင်္ဂပူမဲဆန္ဒနယ်မှ ဒေါက်တာဌေးဝင်း၏ **ထူးကြီး-ရွှေကျင်လမ်းမှ အင်္ဂပူမြို့နယ်အပိုင် ထူးကြီး-ကညွတ်ကုန်းလမ်းမှာ ပျက်စီးနေပါသဖြင့် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ထူးကြီး-ရွှေကျင်လမ်းမှ အင်္ဂပူမြို့နယ်အပိုင် ထူးကြီး- ကညွတ်ကုန်းလမ်းအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ တိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ပျက်စီးနေသော လမ်းအရှည် ၃ ဖာလုံအား ချောင်းကျောက်ဖြင့် ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါလမ်းအား ပထမအဆင့်အနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ငွေလုံးငွေရင်း (ဖြည့်စွက်) ရန်ပုံငွေတွင် ပျက်စီးမှုများပြားသော လမ်းအရှည် ၅ ဖာလုံကို ကျောက်ခင်းလမ်းအသစ်အဖြစ် ဆောင်ရွက်နိုင်ရန် လျာထားပြီး ဒုတိယအဆင့်အနေဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှ စတင်၍ ကျန်ရှိသော လမ်းပိုင်းများကို ကျောက်ခင်းလမ်းအသစ်အဖြစ် ဆောင်ရွက်နိုင်ရန် နှစ်အလိုက်ရန်ပုံငွေတွင် လျာထားသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုးက **မြန်မာမှုရိုးရာ စားစရာ "ထမနဲ"ကိုလည်းကောင်း၊ မြန်မာမှုလက်ရာရက်ကန်းပညာ "လွန်းရာကျော် ကြိုးကြီးအချိတ်လုပ်ငန်း" ကိုလည်းကောင်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်စေရန် ယူနက်စကိုသို့ပေးပို့ လုပ်ဆောင်သင့်ကြောင်း** အဆိုကိုတင်သွင်းရာ မြောက်ဥက္ကလာပ မဲဆန္ဒနယ်မှ ဦးနေလင်းအောင်က ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံ ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးအဋ္ဌမနေ့ကို စက်တင်ဘာ ၃၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

# မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီတို့ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၉

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် **"အနာဂတ်ကို ပုံဖော်ဖို့ ဒီကနေ့ပဲ စကြပါစို့"** ခေါင်းစဉ်ဖြင့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။




ဟောပြောပွဲတွင် စာရေးဆရာအောင်သူ (အား/ကာ)က မိဘမေတ္တာကိုဖော်ကျူးထားသည့် "စကားပြောသော အသဲနှလုံး" အပါအဝင် "လဲလျှင် ပြန်ထ၊ ဘဝ"၊ "တန်ဖိုးထားရာ ကိုယ်ကျင့်သိက္ခာ"၊ "မျှော်လင့်ခြင်း ဖယောင်းတိုင်" စသည့် ဗဟုသုတပွားများစေသည့် ပုံပြင်များ၊ အတွေ့အကြုံများ၊ စိတ်ဝင်စားဖွယ်ရာများ၊ ဗဟုသုတများ ပေါင်းစည်းထားသည့် **"အနာဂတ်ကို ပုံဖော်ဖို့ ဒီကနေ့ပဲ စကြပါစို့"** ခေါင်းစဉ်ဖြင့် လူငယ်များ အားအင်တိုး၍ အသိပညာများတိုးပွားလာစေရန် ဟောပြောသည်။

ယင်းနောက် နေပြည်တော်လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြည်စိုးလင်းက ဉာဏ်စမ်းပဟေဠိများကို ကျောင်းသား ကျောင်းသူများအား မေးမြန်း၍ မှန်ကန်စွာဖြေဆိုနိုင်သည့် ကျောင်းသား ကျောင်းသူများအား ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါဟောပြောပွဲတွင် လူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းတို့က အမှာစကားပြောကြားပြီး နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း စာကြည့်တိုက်အတွက် ဗဟုသုတစာအုပ်များကိုပေးအပ်လှူဒါန်းရာကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သက်သင်းက လက်ခံရယူသည်။

ထို့နောက် လူငယ်ရေးရာအသိပညာများ ဟောပြောပေးသည့် စာရေးဆရာအောင်သူ (အား/ကာ)အား ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေကျပ် ၁၀ သိန်းကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်လှူဒါန်းသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ လူငယ်ရေးရာဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ အမျိုးသမီးအားကစားကော်မတီနာယကနှင့် အဖွဲ့များ၊ စွန့်ဦးတီထွင် လူငယ် လုပ်ငန်းရှင်များ၊ ခရိုင်/ မြို့နယ်ပညာရေးမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သမဝါယမစနစ် ပီပြင်စွာဖြစ်ပေါ်လာစေရေး ဆွေးနွေး



ပုသိမ် စက်တင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ သမဝါယမ စာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းတွင် ယနေ့နံနက်ပိုင်းက သမဝါယမစနစ် ပီပြင်စွာဖြစ်ပေါ်လာစေရေး ဆွေးနွေးပွဲပြုလုပ်သည်။

ဆွေးနွေးပွဲတွင် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးတို့က သမဝါယမစနစ် ပီပြင်စွာဖြစ်ပေါ်လာစေရေးနှင့် စံပြသမဝါယမအသင်းများ ပေါ်ပေါက်လာရေးတို့အတွက် ခေါင်းဆောင်မှု၊ စီမံခန့်ခွဲမှု၊ စာရင်းရေး၊ စာရင်းကိုင်နှင့် စစ်ဆေးခြင်းဆိုင်ရာအကြောင်းအရာများကို ဆွေးနွေးကြပြီး ပြုပြင်ဆောင်ရွက်မည့် ဦးတည်ချက်(၅)ရပ်အကြောင်း တက်ရောက်လာသူများနှင့် အပြန်အလှန်ဆွေးနွေးကြသည်။

အခမ်းအနားသို့ သမဝါယမဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်မှ ဦးစီးအရာရှိများနှင့် မြို့နယ်သမဝါယမအသင်းအမှုဆောင်များ၊ သက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့်ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်ဟိန်း(ပြန်/ဆက်)**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၂၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဦးတည်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများကျင်းပဆောင်ရွက်နိုင်ရန် ၂၂-၄-၂၀၂၆ ရက်တွင် ကြေညာချက်အမှတ်(၁/၂၀၂၆)ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ခဲ့သည်။



ထိုသို့ ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ အတွင်းရေးမှူး(၁) စောကျော်ညွန့်၊ မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်အောင်မငေး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) အထွေထွေအတွင်းရေးမှူး ကျာယာကုတ်၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA) စစ်ရေးချုပ် စောစိန်ဝင်း၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) အထွေထွေအတွင်းရေးမှူး စောမြသန္တာ၊ NCA-S EAOs အဖွဲ့များ၏ ညှိနှိုင်းရေးမှူးများဖြစ်ကြသော ဦးမျိုးဝင်းနှင့် နန်းယဉ်ယဉ်စိုးတို့ ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပြောကြားရာတွင် EAO များ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် မတူညီသော ရည်မှန်းချက်၊ လိုလားချက်များနှင့် စပ်လျဉ်းပြီး EAO များနှင့် အစုအဖွဲ့အလိုက်သော်လည်းကောင်း၊ တစ်ဖွဲ့ချင်းအလိုက်သော်လည်းကောင်း မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထုကိုယ်စားပြုသည့် နိုင်ငံရေးပါတီများကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဆွေးနွေးဖက်အဖြစ်မဟုတ်ဘဲ အတူတကွ ပူးပေါင်းဆောင်ရွက်သူများအဖြစ် သတ်မှတ်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ NCA လက်မှတ်မရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်လာအောင် အားလုံးက ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းက ပြောကြားရာတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်လာအောင် သင့်လျော်မည့် လမ်းကြောင်းများဖြင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်းကို သိရသဖြင့် ဝမ်းမြောက်ပါကြောင်း၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြန်လည်ဆောင်ရွက်နိုင်ရေးနှင့် အရေးကြီးဆုံးဖြစ်သည့် ယုံကြည်မှုတည်ဆောက်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က NCA (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပရန် စီမံဆောင်ရွက်ထားမှုအခြေအနေများ၊ NCA-S EAOs ဆွေးနွေးညှိနှိုင်းရေးအဖွဲ့နှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ တွေ့ဆုံဆွေးနွေးပွဲများတွင် တိကျသည့် သဘောတူညီချက်များချမှတ်နိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်ပြီး တက်ရောက်လာသူများက NCA အနှစ်သာရကို အခြေခံသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်ဆွေးနွေးမှုပုံစံ၊ ဆွေးနွေးမည့်အကြောင်းအရာ၊ ယုံကြည်မှုတည်ဆောက်ရေး အစီအစဉ်များဖော်ဆောင်နိုင်ရေး၊ နိုင်ငံရေးဆွေးနွေးပွဲများတွင် အခြေခံမှုများရရှိရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ထပ်မံပါဝင်လာစေရေး၊ EAO များ အခြေပြုရာဒေသများတွင် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၌ ပြည်သူလူထုအခြေပြုဆွေးနွေးပွဲများ၊ ဖိုရမ်များ ကျင်းပနိုင်ရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပထမနေ့ တွေ့ဆုံဆွေးနွေးပွဲကို ရပ်နားခဲ့ပြီး ဆွေးနွေးပွဲ ဒုတိယနေ့ကို စက်တင်ဘာ ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဒေသဆိုင်ရာလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁ / ၂၀၂၆) ကျင်းပ

မုံရွာ စက်တင်ဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဒေသဆိုင်ရာလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၆)ကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် တိုင်းဒေသကြီးအတွင်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးလင်းရေးနှင့် သောက်သုံးရေရရှိရေး လုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်နေသည့် ဆပ်ကော်မတီများ အနေဖြင့် လုပ်ငန်းများ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ အမှန်တကယ် အကျိုးရှိမည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စိစစ်ရွေးချယ်၍ စနစ်တကျ ကြပ်မတ် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း တိုင်းဒေသကြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးက ပြောကြားသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူးနှင့် ဆပ်ကော်မတီအတွင်းရေးမှူးများက တိုင်းဒေသကြီးအတွင်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဒေသဆိုင်ရာလုပ်ငန်းများ၊ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်နေမှု လုပ်ငန်းအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

○ ပြင်သစ်အသင်းမှ

ပြင်သစ်အသင်းဟာ ဘယ်လ်ဂျီယံအသင်းကို အနိုင်ရရှိခဲ့တာကြောင့် နေးရှင်းလိဂ်နှစ်ပွဲကစားပြီးချိန်မှာ နှစ်ပွဲစလုံးအနိုင်ရပြီး ရမှတ်ခြောက်မှတ်နဲ့ အုပ်စုအဆင့်ထိပ်ဆုံးမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

ဘယ်လ်ဂျီယံအသင်းကတော့ ပြင်သစ်အသင်းကို ရှုံးနိမ့်ခဲ့ပေမယ့် နေးရှင်းလိဂ်နှစ်ပွဲမှာ တစ်ပွဲအနိုင်ရထားတာကြောင့် အုပ်စုဒုတိယနေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

အီတလီအသင်းကတော့ တူကီယဲအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ အီတလီအသင်းအနေနဲ့ တူကီယဲအသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့ပေမယ့် အုပ်စုအဆင့် တတိယနေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

**ငွေကြယ်**



မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ စက်တင်ဘာ ၂၈ ရက်က အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်ဦးတို့က ကျောင်းသား ကျောင်းသူ ၂၂ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်စဉ်။ ဘာမီသာ(ပခုက္ကူ)

ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

# (၁၂) ကြိမ်မြောက် စိန့်ပီတာစဘတ် အပြည်ပြည်ဆိုင်ရာယဉ်ကျေးမှုဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ စက်တင်ဘာ ၂၄ ရက်မှ စက်တင်ဘာ ၂၆ ရက်အထိ ကျင်းပသည့် (၁၂) ကြိမ်မြောက် စိန့်ပီတာစဘတ် အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုဖိုရမ် (XII Saint Petersburg International United Cultures Forum) သို့ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

စက်တင်ဘာ ၂၄ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကတ်သရင်းနန်းတော်ပြတိုက်သို့ သွားရောက်လေ့လာခဲ့သည်။

ထို့အတူ စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်း ဖိုရမ်တွင် မြန်မာနိုင်ငံ၌ လွန်ခဲ့သော နှစ်ပေါင်း သန်း ၄၀ က တွေ့ရှိခဲ့သည့် ပရိုင်းမိတ်များအား ယဉ်ကျေးမှုအမွေအနှစ် ရေရှည်ထိန်းသိမ်းနိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များ၊ မြန်မာ-ရုရှား နှစ်နိုင်ငံ ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များ၊ အနာဂတ်လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုအမွေအနှစ်သည် အဓိကအခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်မှုတို့ကို တက်ရောက်ဆွေးနွေးသည်။

ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ ဗလာဒီမာပူတင် တက်ရောက်အမှာစကား ပြောကြားသည့် အခမ်းအနားသို့ ဖိတ်ကြားထားသည့် နိုင်ငံများမှ ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ပါဝင်တက်ရောက်ခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားသတင်းဌာနများ၏ တွေ့ဆုံမေးမြန်းမှုများကို ဖြေကြားခဲ့သည်။

စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် ဖိုရမ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များအား ဂုဏ်ပြုဆုပေးအပ်ပွဲသို့ တက်ရောက်ခဲ့သည်။



ထို့ပြင် ရုရှားသတင်းဌာနများ၏ တွေ့ဆုံမေးမြန်းမှုများကို ဖြေကြားခြင်း၊ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခြင်း အစီအစဉ်များတွင်လည်း ရှင်းလင်းဆွေးနွေးခဲ့သည်။

စက်တင်ဘာ ၂၈ ရက်ညနေပိုင်းတွင်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အဋ္ဌမအကြိမ်မြောက် မြန်မာ-တရုတ်(ယူနန်) ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် အောင်မြင်စွာ ကျင်းပပြီးစီး

**နေပြည်တော် စက်တင်ဘာ ၂၉**

အဋ္ဌမအကြိမ်မြောက် မြန်မာ-တရုတ်(ယူနန်) ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ MGallery Hotel ၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော် ဦးဆောင်၍ ဝန်ကြီးဌာန ၁၉ ခုမှ ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့မှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီဝင် မစ္စတာ ကျောက်ကျွင့်မင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ဖိုရမ်ဖွင့်ပွဲတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်တို့အကြား ဆက်ဆံရေးသည် တရုတ်-မြန်မာ နှစ်နိုင်ငံ “ဆွေမျိုးပေါက်ဖော်” ချစ်ကြည်ရေး၏ ရှေ့တန်း အခြေခံအုတ်မြစ် (Frontline Foundation of broader China – Myanmar “Pauk – Phaw” Friendship) ဖြစ်ကြောင်း၊ ယူနန်ပြည်နယ်သည် မြန်မာနိုင်ငံနှင့် ကီလိုမီတာ ၂၀၀၀ ခန့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့် တစ်ခုတည်းသော ပြည်နယ်ဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှုစုစုပေါင်း၏ ထက်ဝက်ကျော်ကို လွှမ်းမိုးထားကာ နယ်ပယ်စုံတွင် ပူးပေါင်း ဆောင်ရွက်မှုများ တိုးတက်လျက်ရှိကြောင်း၊ ယခုကျင်းပသည့် အဋ္ဌမအကြိမ်မြောက်




မြန်မာ-တရုတ်(ယူနန်) ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်မှတစ်ဆင့် အပြန်အလှန် အကျိုးကျေးဇူးများ ဖြစ်ထွန်းစေမည့် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများ ဖော်ဆောင်ရေး၊ နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုမြှင့်တင်ရေးနှင့် ယူနန်ဖိုရမ်ယန္တရားအောက်မှပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာအောင် ဆောင်ရွက်သွားရေး တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ ပါဝင်သည့် သက်ဆိုင်ရာကဏ္ဍအလိုက် အဖွဲ့လိုက်ဆွေးနွေးပွဲများကို ကျင်းပခဲ့သည်။ မြန်မာဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်က အဖွဲ့ (၁)ကိုလည်းကောင်း၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်က အဖွဲ့ (၂) ကိုလည်းကောင်း ဦးဆောင်သူများ အဖြစ်ဆွေးနွေးခဲ့ကြပြီး တရုတ်ဘက်မှ ယူနန်ပြည်နယ် ပါတီကော်မတီ ဒုတိယအတွင်းရေးမှူးနှင့် ယူနန်ပြည်နယ်ပါတီကော်မတီ ပြန်ကြားရေးဌာနမှ ကိုယ်စားလှယ်တို့က ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အဖွဲ့လိုက်ဆွေးနွေးမှုများတွင် နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ ပူးပေါင်းတိုက်ဖျက်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် အပြန်အလှန် ချိတ်ဆက်မှုများ မြှင့်တင်ရေး၊ ယူနန်ပြည်နယ်နှင့် လေကြောင်းလိုင်းများ တိုးချဲ့ပြေးဆွဲရေး၊ စက်မှုနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူအချင်းချင်း အပြန်အလှန်ထိတွေ့ဆက်ဆံမှု မြှင့်တင်ရေးနှင့် ချစ်ကြည်ရေး ညီအစ်မမြို့များအကြား အနှစ်သာရပြည့်ဝသည့် အပြန်အလှန် လည်ပတ်မှုနှင့် ဖလှယ်ရေး အစီအစဉ်များကို တိုးမြှင့်ဖော်ဆောင်ရေး ကိစ္စရပ်များကို အဓိကဆွေးနွေးခဲ့ကြသည်။

အဖွဲ့လိုက်ဆွေးနွေးမှုများအပြီးတွင် မျက်နှာစုံညီအစည်းအဝေးကို ဆက်လက်ကျင်းပရာ အဖွဲ့ခေါင်းဆောင် နှစ်ဦးက ဆွေးနွေးပွဲရလဒ်များကို အကျဉ်းချုပ်တင်ပြပြီး မြန်မာဘက်မှ ကိုယ်စားလှယ်ခေါင်းဆောင်ဖြစ်သူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တရုတ်ဘက်မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ယူနန်ပြည်နယ် ပါတီကော်မတီ အမြဲတမ်းကော်မတီဝင်တို့သည် ဖိုရမ်ဆိုင်ရာ အစည်းအဝေးမှတ်တမ်း (Agreed Minutes) ကို နှစ်ဖက်လက်မှတ်ရေးထိုးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးက တရုတ်(ယူနန်) ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် မစ္စတာ ကျောက်ကျွင့်မင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အလုပ်သဘောနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

မြန်မာ - တရုတ်(ယူနန်) ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်ကို ၂၀၁၃ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်တို့တွင် အလှည့်ကျ ကျင်းပလာခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်တို့အကြား နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးနှင့် ဒေသတွင်းချိတ်ဆက်မှု ပိုမိုနက်ရှိုင်းစေရေးနှင့် ပြည်သူအချင်းချင်း ကူးလူးဆက်ဆံမှုနှင့် ယဉ်ကျေးမှုဆိုင်ရာပေါင်းစည်းမှု မြှင့်တင်ရေးတို့အပြင် ပူးပေါင်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများကို ချစ်ကြည်ရင်းနှီးစွာ ညှိနှိုင်းဖြေရှင်းနိုင်ရန် ကျင်းပလေ့ရှိသည့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ပလက်ဖောင်းတစ်ခုဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## သီပေါမြို့နယ်၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးခြင်းနှင့် ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေ

**သီပေါ စက်တင်ဘာ ၂၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စိတ်မှ ဒုရဲအုပ်ကျော်ဇင်မိုး ဦးစီးသော ပူးပေါင်းအဖွဲ့သည် သီပေါမြို့ တောင်မြို့ရပ်ကွက်လမ်းဆုံ မီးပွိုင့်အနီးတွင် ပြည်ထောင်စုလမ်းမကြီးပေါ် မောင်းနှင်သွားလာလျက်ရှိသော ဆိုင်ကယ်နှင့် သုံးဘီးယာဉ်မောင်းနှင်သူများအား အသိပညာပေးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေပေးခြင်းတို့ကို ယနေ့နံနက် ၈ နာရီခွဲက ဆောင်ရွက်သည်။

ဦးစွာ သီပေါမြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့စိတ်မှ ဒုရဲအုပ်ကျော်ဇင်မိုးက ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် မော်တော်ဆိုင်ကယ် စီးနင်းသူများအနေဖြင့် ဆိုင်ကယ်စီးဦးထုပ်များ ဆောင်းရန်၊ ဆိုင်ကယ်နံပါတ်ပြားများတပ်ဆင်ထားရန်၊ နောက်ကြည့်မှန်များတပ်ဆင်မောင်းနှင်ကြရန်၊ အရည်အသွေးပြည့်မီသည့် ဆိုင်ကယ်စီးဦးထုပ်များ ဝယ်ယူအသုံးပြုရန် စသည်ဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေး အသိပညာပေးရှင်းလင်းပြောကြားခဲ့ပြီး ဆိုင်ကယ်စီးဦးထုပ် အလုံး ၁၂၀ အား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



## ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြော

**ရန်ကုန် စက်တင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့ အမှတ် (၅) ရပ်ကွက်ရှိ အမှတ် (၁) အခြေခံပညာ အလယ်တန်းကျောင်းတွင် အကြိမ်(၂၀)မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ဦးစွာသုံးခွမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ကျော်ကိုကိုခိုင်က အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ဦးစီးမှူး ဒေါက်တာခင်ဘုန်းမြင့်က ခွေးရူးပြန်ရောဂါကာကွယ်ရေးလုပ်ငန်းစဉ်နှင့် ခွေးရူးပြန်ရောဂါ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်နိုင်မှုများကို အသိပေးရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက်မွေးမြူရေးနှင့် ကုသရေးဝန်ထမ်းများက ကျောင်းနှင့်ရပ်ကွက်အတွင်းရှိ ခွေး၊ ကြောင်များအား ခွေးရူးပြန်ရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **ကိုကျော် (သုံးခွ)**

အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ ဂုဏ်ပြုဆောင်းပါး

# သက်ကြီးပုဂ္ဂိုလ်များကို ပိုမိုကာကွယ်စောင့်ရှောက်နိုင်ဖို့ ခေတ်မီဆန်းသစ်သော နည်းစနစ်များဖြင့် သုံးသပ်ရှာကြံဖြည့်ဆည်းစို့

ကြည်ထွန်း(လှမူ)

**နှစ်စဉ် အောက်တိုဘာလ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့(International Day of Older Persons – IDOP)ဟု ဂုဏ်ပြုသတ်မှတ်ခဲ့သည်မှာ ယခု ၂၀၁၆ ခုနှစ်တွင် ၂၆ နှစ်တာကာလသို့ ရောက်ရှိလာပြီဖြစ်သည်။**

## သက်တော်ရှည်ဘိုးဘွားများပြားလာသောမျက်မှောက်ကမ္ဘာ

ဤကာလအတွင်း မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများစုတွင် မွေးဖွားနှုန်းနှင့် သေနှုန်းကျဆင်းလျက်ရှိကာ လူ့သက်တမ်းပိုရှည်လာသည်နှင့်အမျှ ဘိုးသက်ရှည် ဘွားသက်ရှည်ဦးရေမှာလည်း ပိုမိုများပြားလာသည်။ သာဓကအားဖြင့် ဂျပန်နိုင်ငံတွင် ၁၉၆၈ ခုနှစ်က အသက်ရာကျော် ဘိုးဘွားတစ်သောင်းသာရှိရာမှ ၂၀၁၂ ခုနှစ်တွင် ငါးသောင်းကျော် ရှိလာသည်။ ယခု ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ၁၀၇၆၇ ဦးအထိ စံချိန်တင်မြင့်တက်လာပြီဟု ဂျပန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ယခုအခါတွင် ကမ္ဘာတစ်ဝန်း၌ အသက် ၁၀၀ နှင့်အထက် သက်တော်ရှည်ဘိုးဘွား ခြောက်သိန်းခန့်ရှိသည်။ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် စုစုပေါင်းလူဦးရေ ၅၁ ဒသမ ၄ သန်းရှိသည့်အနက် ၆ ဒသမ ၁၈၅ သန်း (၁၂ ဒသမ ၀၃ ရာခိုင်နှုန်း) မှာ အသက် ၆၀ နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များဖြစ်ကြသည်။ ယင်းတို့အနက် ၉၅၉၈၁ ဦးမှာ အသက် ၉၀ နှင့်အထက် သက်တော်ရှည်ဘိုးဘွားများ ဖြစ်လာကြပြီ။

## အသက် ၁၂၀ ရှည်စေသော်ဝ်

ယခုအခါ ကမ္ဘာ့နိုင်ငံအများစု၏ ပျမ်းမျှမျှော်မှန်းလူ့သက်တမ်းမှာ ၆၀ – ၈၅ နှစ် ကြားတွင် ရှိသည်။ အမျိုးသားများထက် အမျိုးသမီးများ၏ သက်တမ်းက ပိုရှည်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်းနှင့် နေထိုင်မှုပုံစံ စသည်တို့အပေါ်မူတည်၍ နိုင်ငံ၊ ဒေသ၊ လူမျိုးအလိုက် သက်တမ်းကွာခြားလေ့ရှိသည်။ Wikipedia နှင့် Guinness World Records မှတ်တမ်းတို့တွင် ဖော်ပြချက်အရ အထောက်အထား တိကျခိုင်လုံသော ကမ္ဘာ့အသက်အရှည်ဆုံးလူသားမှာ ပြင်သစ်နိုင်ငံသူ "ဂျင်းန်လူဝီကဲလ်မန့်" (Jeanne Louise Calment) (၁၈၇၅–၁၉၉၇) ဖြစ်သည်။ ရှေးက မြန်မာတို့ဇာတာဖွဲ့ရာတွင် "အသက် ၁၂၀ ရှည်စေသော်ဝ်" ဟူသည့် မှန်းဆရေးထိုးမှုသည် မျက်မှောက်ခေတ်တွင် မှန်းခြေကိုက်ဖြစ်လာပြီ။ ကမ္ဘာ့လူသားတိုင်းသည် ယခင်က ပျမ်းမျှအားဖြင့် အသက် ၈၅ နှစ်အထိသာ ရှင်သန်ရန်မျှော်မှန်းနိုင်သော်လည်း မျက်မှောက်ခေတ်တွင် အသက် ၁၂၀ ကျော်သည်အထိ အသက်ရှည်ရန် မျှော်မှန်းနိုင်ပြီဖြစ်သည်။

ယခုနှစ် ဩဂုတ်လအတွင်းက အသက် ၁၂၀ ကျော်အရွယ်ရှိနေပြီဖြစ်သော နေပြည်တော် ဒက္ခိဏသီရိမြို့နယ်နေ အဘွား ဒေါ်စောကြည်၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်နေ အဘွား ဒေါ်ပန်းနွယ်၊ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်နေ အဘိုး ဦးသိန်းအောင်တို့ထံ သက်ဆိုင်ရာ မြို့တော်ဝန်/ တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က အိမ်တိုင်ရာရောက်သွား၍ ဂါရဝပြုလှူဒါန်းမှုများကို နေ့စဉ်ထုတ် ကြေးမုံသတင်းစာတွင် ဖတ်ရှုလိုက်ရသဖြင့် ကြည်နူးပီတိဖြစ်မိပါသည်။

## ထူးခြားသောပြောင်းလဲမှုတစ်ရပ်

ကမ္ဘာတစ်ဝန်း သက်တော်ရှည်ဘိုးဘွား များပြားလာမှုသည် လူ့အသိုက်အဝန်းတစ်ခုလုံးအတွက် ထူးခြားသော ပြောင်းလဲမှုတစ်ရပ်ဖြစ်သည်။ လူ့သက်တမ်းပိုရှည်လာခြင်းသည် ယခင်က မရှိခဲ့ဖူးသော အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မှုကြောင့် ဖြစ်သော်လည်း ယခုအချိန်တွင် ကျန်းမာရေးစနစ်များ၊ အလုပ်အကိုင်အခွင့်အလမ်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ ပညာရေး၊ အိုးအိမ်နှင့် ပြည်သူ့ရေးရာမူဝါဒစသည်တို့က လူ့ဘဝသက်တမ်းတစ်လျှောက်တွင် မည်သို့မည်ပုံ အထောက်အကူပြုမည်ကို ပြန်လည်စဉ်းစားသုံးသပ်ရန် လိုအပ်လာသည်။

လူ့သက်တမ်းပိုရှည်လာခြင်း၏ သက်ရောက်မှုများသည် ကဏ္ဍတစ်ခုတည်းနှင့်သာ သက်ဆိုင်ခြင်းမဟုတ်ဘဲ အခြားကဏ္ဍများနှင့်လည်း အပြန်အလှန်ဆက်နွှယ်လျက်ရှိသည်။ သို့ဖြစ်၍ သက်ရှည်ကျန်းမာလာသည့်ခေတ်နှင့်လျော်ညီစွာ ပိုမိုသက်ရှည်ကျန်းမာ စိတ်ချမ်းသာစွာ ရှင်သန်ရပ်တည်ရေး၊ လူ့အသိုက်အဝန်းအတွင်း အပြည့်အဝ ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး၊ သက်ကြီးအခွင့်အရေးများ မြှင့်တင်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးစသည့် ခေတ်မီဆန်းသစ်သော စနစ်ကောင်း၊ အစီအမံကောင်းများ သုံးသပ်ရှာကြံ ဖြည့်ဆည်းဖို့ လိုအပ်လာသည်။ သို့ဖြစ်၍ ၂၀၁၆ ခုနှစ် IDOP နေ့ ဦးတည်ချက်ဆောင်ပုဒ်ကို "The Age of Longevity: Rethinking Systems for Longer Lives"ဟု ချမှတ်တိုက်တွန်းနှိုးဆော်လိုက်ခြင်း ဖြစ်ပေမည်။

## လူမှုကာကွယ်စောင့်ရှောက်ရေးအကျိုးခံစားခွင့်

မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်ပါ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော "သက်ကြီးလူမှုရေးပင်စင် ထောက်ပံ့ရေးအစီအစဉ်" ကို ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့သည်။ ယခုနှစ်တွင် ၁၉၄၁ ခုနှစ် ဧပြီလ ၁ ရက်မတိုင်မီ မွေးဖွားခဲ့သည့် အသက် ၈၅ နှစ်ပြည့်ပြီးသော သက်ကြီးပုဂ္ဂိုလ်များအတွက် ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် သုံးလပတ် နှစ်ကြိမ် ခြောက်လစာ ထောက်ပံ့ခြင်းကို ကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်၏ ဖုန်းထဲသို့ ငွေလွှဲခြင်းနည်းလမ်းဖြင့် ဆောင်ရွက်ပေးမည် ဖြစ်သည်။ ထို့အတူ သက်ကြီးသူများကိုယ်တိုင် ဦးဆောင်၍ ထိခိုက်လွယ်အုပ်စုဝင်ဖြစ်သည့် မသန်စွမ်းသူများ၊ အမျိုးသမီးများဖြင့် ရပ်ရွာအခြေပြု ဖွဲ့စည်းထားသော "သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့" (Older Person Self–Help Group – OPSHG) ၃၆၈ ဖွဲ့ကိုလည်း ရေရှည်ရပ်တည်နိုင်ရေးအတွက် မတည်ရန်ပုံငွေများ ထုတ်ပေးလျက်ရှိသည်ဟု သိရသည်။

> **အာဆီယံနိုင်ငံများအပါအဝင် အရှေ့အာရှနိုင်ငံများ၌ (၁) အိမ်အရောက်စောင့်ရှောက်ခြင်း၊ (၂) မိသားစုအခြေပြုစောင့်ရှောက်ခြင်း၊ (၃) ရပ်ရွာအခြေပြုစောင့်ရှောက်ခြင်း၊ (၄) ဂေဟာငယ်များတည်ထောင်၍ စောင့်ရှောက်ခြင်း၊ (၅) နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာများ ဖွင့်လှစ်စောင့်ရှောက်ခြင်း၊ (၆) စေတနာ့ဝန်ထမ်းဘိုးဘွားရိပ်သာများ ဖွင့်လှစ်စောင့်ရှောက်ခြင်း ဟူသည့် နည်းလမ်းခြောက်သွယ်ဖြင့် ဆောင်ရွက်ကြသည်။ အဆိုပါနည်းများအနက် "စေတနာ့ဝန်ထမ်းဘိုးဘွားရိပ်သာ"များ တည်ထောင်စောင့်ရှောက်သည့်နည်းလမ်းကို မြန်မာနိုင်ငံတွင် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်ကပင် စတင်ဆောင်ရွက်ခဲ့သည်။ ယခုအခါ လူမှုဝန်ထမ်းဦးစီးဌာန၏ တည်ထောင်ခွင့်ပြုမိန့်ရ ဘိုးဘွားရိပ်သာ ၉၄ ခု ရှိလာပြီ**

## သက်ကြီးပုဂ္ဂိုလ်စောင့်ရှောက်မှုဆိုင်ရာ နည်းလမ်း ခြောက်သွယ်

အာဆီယံနိုင်ငံများအပါအဝင် အရှေ့အာရှနိုင်ငံများ၌ (၁) အိမ်အရောက်စောင့်ရှောက်ခြင်း၊ (၂) မိသားစုအခြေပြုစောင့်ရှောက်ခြင်း၊ (၃) ရပ်ရွာအခြေပြုစောင့်ရှောက်ခြင်း၊ (၄) ဂေဟာငယ်များ တည်ထောင်၍စောင့်ရှောက်ခြင်း၊ (၅) နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာများ ဖွင့်လှစ်စောင့်ရှောက်ခြင်း၊ (၆) စေတနာ့ဝန်ထမ်းဘိုးဘွားရိပ်သာများ ဖွင့်လှစ်စောင့်ရှောက်ခြင်းဟူသည့် နည်းလမ်းခြောက်သွယ်ဖြင့် ဆောင်ရွက်ကြသည်။ အဆိုပါနည်းများအနက် "စေတနာ့ဝန်ထမ်းဘိုးဘွားရိပ်သာ" များ တည်ထောင်စောင့်ရှောက်သည့် နည်းလမ်းကို မြန်မာနိုင်ငံတွင် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်ကပင် စတင်ဆောင်ရွက်ခဲ့သည်။ ယခုအခါ လူမှုဝန်ထမ်းဦးစီးဌာန၏ တည်ထောင်ခွင့်ပြုမိန့်ရ ဘိုးဘွားရိပ်သာ ၉၄ ခု ရှိလာပြီဖြစ်သည်။ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း အဆိုပါဘိုးဘွားရိပ်သာများ၏ အရိပ်အာဝါသအောက်တွင် ခိုဝင်နေကြသော ဘိုးဘွား ၃၁၁၂ ဦးအတွက် ငွေကျပ် ၃၆၆ ဒသမ ၅၉၁ သန်းထောက်ပံ့မည်ဟု သိရသည်။

အခြားနည်းလမ်းတစ်သွယ်အဖြစ် သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာကို ၂၀၁၃ ခုနှစ်ကတည်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်တွင် ဖွင့်လှစ်ထားပြီး ယခုနှစ်တွင် ဘိုးဘွား ၉၄ ဦးကို လက်ခံစောင့်ရှောက်လျက်ရှိသည်။ အဆိုပါဂေဟာ၌ သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်သူသင်တန်း ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ယခုနှစ်တွင် သင်တန်းအပတ်စဉ်ပေါင်း ၂၀ ရှိလာပြီဖြစ်ကာ သင်တန်းသား သင်တန်းသူ ၂၃ ဦး တက်ရောက်နေကြသည်ဟု သိရသည်။ ထို့အပြင် နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်၌ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာသစ်တစ်ခုကို ၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ထပ်မံဖွင့်လှစ်ပြီး ဘိုးဘွား ၃၈ ဦး လက်ခံစောင့်ရှောက်ထားသည်ဟု သိရသည်။ အဆိုပါဂေဟာတွင် သက်ကြီးပုဂ္ဂိုလ်များအား အခြေခံကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးဝန်ဆောင်မှု၊ အပန်းဖြေအနားယူမှုနှင့် အသိပညာများ ပြန်လည်မျှဝေပေးနိုင်မှု၊ ဝါသနာပါရာ လုပ်ငန်းများ ဆောင်ရွက်နိုင်မှု စသည့်ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးမည်ဟု သိရသည်။ သို့ဖြစ်၍ အလားတူဂေဟာများကို သင့်လျော်သောမြို့နယ်များတွင်လည်း ထပ်မံဖွင့်လှစ်သင့်ပေသည်။

## သက်ကြီးရွယ်အို သက်သေခံကတ်ပြား ဆောလျင်စွာထုတ်ပေးရေး

၂၀၁၆ ခုနှစ် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေ အခန်း (၅) ပုဒ်မ ၁၆ တွင် "သက်ကြီးရွယ်အိုများ၏ အခွင့်အရေး" (၁၂) ရပ်ကို ပြဋ္ဌာန်းထားပါသည်။ သို့ရာတွင် ၂၀၂၂ ခုနှစ် သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေများ အခန်း(၂) အပိုဒ် ၁၀၊ ၁၁၊ ၁၃ နှင့် ၁၄ တို့အရ "သက်ကြီးရွယ်အိုသက်သေခံကတ်ပြား" ရရှိထားသော သက်ကြီးရွယ်အိုများသည်သာ ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က) (ဈ) (ဋ)နှင့် (ဌ)တို့ပါ သက်သာချောင်ချိမှုအခွင့်အရေးများ ခံစားခွင့်ရရှိနိုင်မည်ဖြစ်ပါသည်။ အဆိုပါ ကတ်ပြားမရရှိသေးသော သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် အထက်ပါအခွင့်အရေးများ ခံစားခွင့်မရရှိနိုင်သေးပေ။

၂၀၂၆ ခုနှစ် ဇွန်လက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ လူမှုရေးပင်စင်ခံစားလျက်ရှိသည့် အသက် ၈၅ နှစ်အထက် သက်ကြီးပုဂ္ဂိုလ်များအား သက်သေခံကတ်ပြား ထုတ်ပေးခဲ့သည်ကို ဝမ်းမြောက်ဖွယ်ကြားသိရပါသည်။ အဆိုပါကတ်ပြားရရှိထားသော သက်ကြီးပုဂ္ဂိုလ်များ အနေဖြင့် ရထားလက်မှတ်ဝယ်ယူရာ၌ ကျသင့်လက်မှတ်ခ၏ ၅၀ ရာခိုင်နှုန်း လျှော့ပေါ့ခံစားခွင့်၊ အစိုးရအဖွဲ့အစည်းပိုင် ရုပ်ရှင်၊ ဇာတ်သဘင်၊ အငြိမ့်၊ သီဆိုပွဲ၊ ပြဇာတ်၊ ပန်းချီ၊ ပန်းပု စသည့်နိုင်ငံပိုင်ဖျော်ဖြေရေး ဝန်ဆောင်မှုများတွင် ဝင်ကြေးအနည်းဆုံး ၅၀ ရာခိုင်နှုန်း လျှော့ပေါ့ခံစားခွင့်၊ အမျိုးသားပြတိုက်သို့ဝင်ရောက်ပါက ဝင်ကြေးကင်းလွတ်ခြင်းခံစားခွင့်၊ သက်ကြီးပုဂ္ဂိုလ်များ ကွယ်လွန်ခဲ့ပါက သင်္ဂြိုဟ်စရိတ် ကင်းလွတ်ခွင့်ရရှိကြမည် ဖြစ်ပါသည်။ သို့ဖြစ်၍ မြန်မာပြည်တစ်ဝန်းလုံးရှိ သက်ကြီးပုဂ္ဂိုလ်များ အထက်ပါအခွင့်အရေးများကို တစ်ပြေးညီတည်း ခံစားခွင့်ရရှိရေးအတွက် သက်ကြီးရွယ်အိုသက်သေခံကတ်ပြားထုတ်ပေးခြင်းကို ဆောလျင်စွာဆက်လက်ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံလိုပါသည်။

## ခေတ်မီဆန်းသစ်သော နည်းစနစ်များဖြင့် သုံးသပ်ရှာကြံဖြည့်ဆည်းဖို့

မြန်မာနိုင်ငံတွင် သက်ကြီးပုဂ္ဂိုလ်များ ကာကွယ်စောင့်ရှောက်ရေးနှင့်စပ်လျဉ်း၍ ရှေ့ဆောင်ရှေ့ရွက်ပြုနိုင်ရန် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီတို့ကို ပြန်လည်ဖွဲ့စည်းထားပြီးဖြစ်သည်။ ထို့အပြင် တတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် တတိယအကြိမ် အမျိုးသားလွှတ်တော် အသီးသီးတွင်လည်း လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်သည်ကို တွေ့ရှိရသည်။

သို့ဖြစ်၍ အထက်ပါကော်မတီများက ဦးဆောင်၍ အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များ၊ ပုဂ္ဂလိက ကဏ္ဍနှင့် ကာယကံရှင်သက်ကြီးပုဂ္ဂိုလ်များပူးပေါင်းကာ လက်ရှိပြဋ္ဌာန်းကျင့်သုံးဆောင်ရွက်နေသော မဟာဗျူဟာစီမံချက်၊ ဥပဒေနှင့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်များအပေါ် ပြန်လည်သုံးသပ်ကာ မိမိနိုင်ငံနှင့် လိုက်လျောညီထွေရှိပြီး ခေတ်မီဆန်းသစ်သော နည်းစနစ်များကို ရှာကြံပြဋ္ဌာန်းပေးနိုင်မည်ဆိုပါက သက်ကြီးပုဂ္ဂိုလ်များနှင့် သက်ကြီးရွယ်လွန်သက်တော်ရှည်ဘိုးဘွားများကို ယခုထက်ပိုမိုကာကွယ်စောင့်ရှောက်နိုင်မည်မှာ မလွဲကေန်ပင်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

**ကိုးကား**

- ဒေါက်တာတင်ထွန်းဦး၏ ဇရာကို ရင်ဆိုင်ခြင်းအနုပညာ
- နေ့စဉ်ထုတ်သတင်းစာများ

# မွန်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုလျော့နည်းသက်သာရေးအတွက် ချောင်း၊ မြောင်းများ ရှင်းလင်းဆောင်ရွက်နေမှုနှင့် ဆိပ်ခံဖောတံတားအခြေအနေ ကွင်းဆင်းကြည့်ရှုစစ်ဆေး



**မော်လမြိုင် စက်တင်ဘာ ၂၉**

မွန်ပြည်နယ် အတွင်း အားကောင်းသော မုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရန်နှင့် သဘာဝဘေး အန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှု လျော့နည်းသက်သာစေရန် ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ မုပွန် ရပ်ကွက် နတ်ကျွန်းချောင်းနှင့် ရေနုတ်မြောင်းများအတွင်း ပိတ်ဆို့နေသော ချုံနွယ်များ ခုတ်ထွင် ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များနှင့် နုန်းမြေများ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက စက်ယန္တရားများ၊ လူအင်အားများဖြင့် ရှင်းလင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုကို ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းနှင့် ပြည်နယ်ဝန်ကြီးများက သွားရောက်ကြည့်ရှုပြီး ရေစီးရေလာကောင်းမွန်စေရေးအတွက် အတားအဆီးများကို အချိန်နှင့်တစ်ပြေးညီ ဖယ်ရှားရန်၊ ရေကြီးရေလျှံနိုင်သည့် အနိမ့်ပိုင်း ရပ်ကွက်များတွင် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို စနစ်တကျ ပြင်ဆင်ထားရန်နှင့် ရေဆိုးထုတ်ပြွန်များ ပိတ်ဆို့မှု မရှိစေရေး အမြဲမပြတ် ကြည့်ရှုစစ်ဆေးရန် မှာကြားသည်။

ဆက်လက်၍ မုန်းတိုင်းငယ် အရှိန်ကြောင့် မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် လက်အောက်ရှိ ထားဝယ် ဆိပ်ခံဖောတံတားနှင့် ဆက်သွယ်ထားသော လူကူးတံတားစောင်းနိမ့်မှုနှင့် ဖောတံတားကိုယ်ထည် ထိခိုက်ပျက်စီးမှုအခြေအနေများနှင့် ရွှေမြိုင် ဆိပ်ခံဖောတံတား နစ်မြုပ်မှုနှင့် လူကူးတံတား နိမ့်ဆင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဘေးအန္တရာယ်မဖြစ်ပေါ်စေရေး ဖောတံတားများ အမြန်ဆုံး ပြန်လည် ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ မုန်တိုင်းငယ် အရှိန်ကြောင့် ထိခိုက်သွားသည့် အစိတ်အပိုင်းများကို စနစ်တကျ ပြန်လည် တည်ဆောက်ခြင်း၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဆိပ်ခံဖောတံတားများ ပြန်လည်ပြုပြင်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန် သက်ဆိုင်ရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဝန်ကြီးဌာနသို့ အမြန်ဆုံးတင်ပြပြုပြင်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ရေကြီးရေလျှံမှု ကာကွယ်နိုင်ရန်အတွက် ပင်မရေနုတ်မြောင်းဖြစ်သည့် အလျား ပေ ၄၁၀၀၊ အကျယ် ရှစ်ပေ၊ အနက်လေးပေရှိ စမိုးမြောင်း(သဲချောင်း) ရေနုတ်မြောင်းကို စက်တင်ဘာ ၂၉ ရက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများက အဖွဲ့ပိုင်ယန္တရားယာဉ်များဖြင့် တူးဖော်ဆောင်ရွက်နေစဉ်။ မြို့နယ်(ပြန်/ဆက်)




စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုတက္ကသိုလ်၌ သုတေသနနှင့်ဆန်းသစ်တီထွင်မှုစင်တာဖွင့်ပွဲကို စက်တင်ဘာ ၂၈ ရက်တွင် သုတေသနနှင့်ဆန်းသစ်တီထွင်မှုစင်တာ၌ ကျောင်းပရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ ခရိုင်(ပြန်/ဆက်)

# ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ပျက်စီးမှုကြီး(အနီရောင်အဆင့်) နိုင်ငံပိုင်ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်ခြင်းကို ယခုနှစ်ဒီဇင်ဘာလကုန်တွင် အရည်အသွေးပြည့်မီစွာပြီးစီးရေး ဒုတိယမြို့တော်ဝန် မှာကြား



**နေပြည်တော် စက်တင်ဘာ ၂၉**

နေပြည်တော် ကောင်စီနယ်မြေ အတွင်း မန္တလေးငလျင်ကြီး ကြောင့် ပျက်စီးခဲ့သည့် ဇမ္ဗူသီရိ မြို့နယ်အတွင်းရှိ ပျက်စီးမှု (အနီရောင်အဆင့်) နိုင်ငံပိုင် ဝန်ထမ်းအိမ်ရာများ ပြန်လည် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဝင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးဝင်းမိုးခိုင် သွားရောက် ကြည့်ရှုစစ်ဆေးသည်။

**ဆောင်ရွက်ပေး**

ဦးစွာ ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိ ရပ်ကွက် (အကွက်ကြီး-၁)ရှိ တိုက်အမှတ်(၁၂၀၈)၊ တိုက်အမှတ် (၁၃၇၇)၊ ဗလသိဒ္ဓိရပ်ကွက် (အကွက်ကြီး-၂)ရှိ တိုက်အမှတ် (၂၂၁၂)နှင့် သုခသိဒ္ဓိရပ်ကွက် (အကွက်ကြီး-၄)ရှိ တိုက်အမှတ် (၄၃၈၀)တို့သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အနီရောင်အဆင့် အရာထမ်း/အမှုထမ်း ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်နေမှု၊ ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်ရာတွင် အမြန်ပြီးစီးရန်သာမက ဝန်ထမ်းများ စိတ်ချလုံခြုံစွာ ပြန်လည်နေထိုင်နိုင်သည့် အခြေအနေသို့ ရောက်ရှိရန်အရေးကြီးကြောင်း၊ လုပ်ငန်းပိုင်းဆိုင်ရာ အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရန်နှင့် အခြားလိုအပ်ချက်များ ရှိပါက သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မှာကြားသည်။

ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ အတွင်း မန္တလေးငလျင်ကြီး ကြောင့် ပျက်စီးခဲ့သည့် အနီရောင် အဆင့် နိုင်ငံပိုင်ဝန်ထမ်းအိမ်ရာ များ ပြုပြင်ခြင်းနှင့် အသစ် တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေသည့် ကုမ္ပဏီများ နှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ပြုလုပ်၍ တာဝန်ယူဆောင်ရွက် နေသော ကုမ္ပဏီများအနေဖြင့် တည်ဆောက်ရေး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရည် အသွေးပြည့်မီစွာ ပြီးစီးရေး အတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရန်၊ ဝန်ထမ်း အိမ်ရာများတွင် ဝန်ထမ်းများ ယုံကြည်စိတ်ချစွာ နေထိုင်နိုင်ရေး တည်ဆောက်ရေး ကုမ္ပဏီများနှင့် QA/QC အဖွဲ့များက စနစ်တကျ ကြပ်မတ် ဆောင်ရွက်ကြရန် မှာကြားပြီး အစည်းအဝေး တက်ရောက် လာကြသူများ၏ တင်ပြချက်များအပေါ် လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■



မွန်ပြည်နယ် ပေါင်မြို့နယ်၌ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် ချောင်း၊ မြောင်းများတွင် ပိတ်ဆို့နေသည့် ပေါင်းမြက်များနှင့် အမှိုက်သရိုက်များ ရှင်းလင်းခြင်းကို စက်တင်ဘာ ၂၉ ရက်က မြို့ပေါ်(၄)ရပ်ကွက်နှင့် ကန်ဖြူကျေးရွာ၊ စွမ်းမြန်မာစက်သုံးဆီအရောင်းဆိုင်အနီး၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် တာဝန်ရှိသူများ ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်စဉ်။ မွန်မလေး(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် မြို့ပေါ်ရပ်ကွက် သရဖီလမ်းနှင့် ဦးဝင်းဖေလမ်းတို့ရှိ ရေနုတ်မြောင်း တူးဖော်ရေးလုပ်ငန်းများကို စက်တင်ဘာ ၂၉ ရက်တွင် ဆောင်ရွက်လျက်ရှိရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးစဉ်။ ခင်ခင်မာ(ပြန်/ဆက်)



သာယာဝတီမြို့နယ် သုံးဆယ်မြို့ အလယ်ကုန်းရပ်ကွက် တည်ဆောက်ရေး(၉)လမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာရှိ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းတူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၈ ရက် ညနေပိုင်းတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးစဉ်။ ခရိုင်(ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေး၊ ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းများတူးဖော်ခြင်းကို စက်တင်ဘာ ၂၉ ရက်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးယဉ်ထွေး၏ လမ်းညွှန်မှုဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



# (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် စုပေါင်းလုပ်အားပေးပြီး သွေးလှူဒါန်း

**ဘားအံ စက်တင်ဘာ ၂၉**

၂၀၂၆ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် ယမန်နေ့နံနက်ပိုင်းက ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မောင်မောင်ဦး ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များက ပြည်နယ်ပြည်သူ့ဆေးရုံကြီး (ဘားအံ)၌ ပြည်သူ့အကျိုးပြု စုပေါင်းလုပ်အားပေးပွဲနှင့် စုပေါင်းသွေးလှူကြသည်။

ဦးစွာ ပြည်နယ်ပြည်သူ့ဆေးရုံကြီး(ဘားအံ)ပရဝဏ် အတွင်း/အပြင်တို့တွင် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင် ၁၅၀ က သန့်ရှင်းရေးလုပ်ငန်းများကို ယာဉ်၊ ယန္တရားများအသုံးပြု၍ စုပေါင်းလုပ်အားပေးကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ်ဝန်ကြီးများက လိုက်လံကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ စုပေါင်းသွေးလှူဒါန်းပွဲကို ပြည်နယ်ပြည်သူ့ဆေးရုံကြီး(ဘားအံ) တိုးချဲ့သုံးထပ်ဆောင် အပေါ်ထပ်၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက သွေးလှူဒါန်းကြမည့် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင် ၁၂၂ ဦးအား ပြည်သူ့ဆေးရုံကြီး (ဘားအံ) ရောဂါဗေဒဌာန သွေးလှူဘဏ်မှ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အလေးချိန်နှင့် သွေးပေါင်ချိန်တိုင်းတာခြင်း၊ သွေးအမျိုးအစား ခွဲခြားခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး သွေးလှူဒါန်းကြသည့် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ကြက်ဥ၊ အားဖြည့်အချိုရည်၊ ငှက်ပျောသီး အစရှိသည့် ခွန်အားဖြည့် အစားအစာများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# Digital Economy ဖွံ့ဖြိုးတိုးတက်ရေးအတွက် Myanmar Digital Economy Roadmap 2030 ပါ Action Plans အပေါ် ဆောင်ရွက်ထားရှိမှုများကို ပုံမှန်သုံးသပ်ဆောင်ရွက်ရန်လိုအပ်

**နေပြည်တော် စက်တင်ဘာ ၂၉**

Digital Economy ဖွံ့ဖြိုးတိုးတက်ရေးအတွက် Myanmar Digital Economy Roadmap 2030 ပါ Action Plans အပေါ် ဆောင်ရွက်ထားရှိမှုများကို ပုံမှန်သုံးသပ်၍ သတ်မှတ်ထားသည့် ရည်မှန်းချက်၊ အချိန်ကာလ၊ တိုင်းတာနိုင်သည့် အညွှန်းကိန်းများနှင့် ရလဒ်အပေါ်အခြေခံ၍ ဆောင်ရွက်ရန်နှင့် ဒီဂျစ်တယ်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောက်ယူထားသည့် စစ်တမ်းရလဒ်များအား သုံးသပ်၍ Digital Skills Roadmap ရေးဆွဲခြင်းနှင့် ကျွမ်းကျင်မှု အဆင့်အလိုက် သင်တန်းများကို လုပ်ငန်းခွင်လိုအပ်ချက်နှင့် ကိုက်ညီစွာ စနစ်တကျ ဖွင့်လှစ်နိုင်ရေး သင်တန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း ယနေ့နံနက်ပိုင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည့် ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ဆန်းသစ်တီထွင်မှုနှင့် ဒီဂျစ်တယ်အတတ်ပညာမြှင့်တင်ရေး လုပ်ငန်းကော်မတီ၏ (၂/၂၀၂၆) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။



ထို့ပြင် MSME လုပ်ငန်းများ၏ ဒီဂျစ်တယ်နည်းပညာ အသုံးချမှု မြှင့်တင်ရေးနှင့် e-Government မှ Digital Government သို့ အသွင်ကူးပြောင်းရေးတို့ကို အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ Digital Economy ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ လုပ်ငန်းရှင်များ၊ တက္ကသိုလ်များ၊ သုတေသနအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရန်၊ သုတေသနလုပ်ငန်းများမှရရှိလာသည့် နည်းပညာနှင့် အသိပညာများကို လက်တွေ့အသုံးချနိုင်သည့် ထုတ်ကုန်နှင့် ဝန်ဆောင်မှုများအဖြစ် ဖော်ဆောင်နိုင်ရန်နှင့် ဆန်းသစ်တီထွင်မှု စွမ်းရည် မြှင့်တင်ရေးတို့ကို အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်းလည်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လွဲလွဲသိန်းက ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီအတွင်းရေးမှူးက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ကော်မတီဝင်များနှင့် တာဝန်ရှိသူများက Roadmap 2030 ပါ Action Plans များအရ ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးကြရာ ဒုတိယဝန်ကြီးက လိုအပ်သည့် ICT နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများကို ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် Roadmap 2030 ပါ Action Plans များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်း၍ ထိရောက်စွာအကောင်အထည်ဖော်ကာ Digital Transformation နှင့် Digital Economy ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ရောဝတီတိုင်းဒေသကြီး ကြံခင်းမြို့ပေါ်ရပ်ကွက်တို့တွင် မိုးတွင်းကာလ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စက်တင်ဘာ ၂၉ ရက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှဦးဆောင်ကာ ရပ်ကွက်နေပြည်သူများဝိုင်းဝန်း၍ ကြံခင်း-ဆိပ်သာလမ်းဘေးဝဲ/ယာရှိ ပင်မရေနုတ်မြောင်းအား တူးဖော်ရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။

ဖြိုးဝေလင်း(ပြန်/ဆက်)



ရောဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျုံပျော်မြို့ ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၉ ရက်တွင် မြို့တွင်းရေနုတ်မြောင်းဖြစ်သော ဗိုလ်ချုပ်လမ်းနံဘေး သောင်ရွာလမ်းထိပ်မှ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့အထိ ရေနုတ်မြောင်း တူးဖော်ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။

နေဝင်းမြင့်(ပြန်/ဆက်)



မွန်ပြည်နယ် ရေးမြို့နယ် နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ရေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စက်တင်ဘာ ၂၉ ရက်တွင် နယ်မြေခံတပ်မတော်သားများ၊ ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၏ စုပေါင်းအားဖြင့် ရေမြောင်းများ၊ ချောင်းများ ရေစီးရေလာကောင်းမွန်ရေး ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းနေမှုကို လိုက်လံကြည့်ရှုစဉ်။

ရှင်းသန့်ဖြူ



ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ စက်တင်ဘာ ၂၉ ရက်တွင် ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှတ်(၅)ရပ်ကွက် ရန်ကုန်-ပြည် ကားလမ်းတစ်လျှောက် ရေမြောင်းအား တူးဖော်ဆယ်ယူနေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

မြို့နယ်(ပြန်/ဆက်)




❂ မြန်မာအမျိုးသမီးလိဂ်မှ

မန္တလေးမြို့ရှိ ဗထူးကွင်းတို့၌ ပြုလုပ်မည်ဖြစ်သည်။ ရတနာပုံအသင်းသည် ဒုတိယအကျော့ပွဲစဉ်များအနက် အိမ်ကွင်းနှစ်ပွဲကို ပထမဆုံးအဖြစ် မန္တလေးမြို့ရှိ ဗထူးကွင်း၌ လက်ခံကျင်းပမည်ဖြစ်သည်။ ရောဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းသည် ပထမအကျော့ကတည်းက အိမ်ကွင်းပွဲများအနက် နှစ်ပွဲစီကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သလို ဒုတိယအကျော့တွင်လည်း နှစ်ပွဲစီ ထပ်မံလက်ခံကျင်းပမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MWL**

# သီရိလင်္ကာနိုင်ငံတွင် ဆိုင်ကလုန်းမုန်တိုင်း ဒစ်ဝါကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တံတား ၁၄ စင်း ပြန်လည်တည်ဆောက်ရေးဆိုင်ရာ သဘောတူညီချက်လက်မှတ်ရေးထိုး

ကိုလံဘို စက်တင်ဘာ ၂၉

သီရိလင်္ကာနိုင်ငံတွင် ဆိုင်ကလုန်းမုန်တိုင်း ဒစ်ဝါကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တံတား ၁၄ စင်း ပြန်လည်တည်ဆောက်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို တရုတ်နှင့် သီရိလင်္ကာတာဝန်ရှိသူများက စက်တင်ဘာ ၂၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။




အဆိုပါ သဘောတူညီချက်လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ သီရိလင်္ကာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဝေဟွာဇန်းနှင့် သီရိလင်္ကာနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန အတွင်းဝန် အာဆီရီ ကရုဏာဝါဒီနာ တို့ တက်ရောက်ခဲ့သည်။ သီရိလင်္ကာနိုင်ငံအတွင်း အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရန် သီရိလင်္ကာတာဝန်ရှိသူများ၏ ပန်ကြားချက်အရ တရုတ်နိုင်ငံမှ ကျွမ်းကျင်သူများ ပါဝင်သည့် အဖွဲ့တစ်ဖွဲ့အား သီရိလင်္ကာသို့စေလွှတ်ခဲ့ပြီး မြေပြင်လေ့လာဆန်းစစ်မှုများ ဆောင်ရွက်ကာ အခြေခံအဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများဆောင်ရွက်နိုင်ရန် ကူညီပေးခဲ့ကြောင်း တရုတ်သံအမတ်ကြီး ဝေဟွာဇန်းက ပြောကြားသည်။

သီရိလင်္ကာပြည်သူများအတွက် လက်တွေ့ကျသော အကျိုးကျေးဇူးများရရှိစေရန် ယခုစီမံကိန်းကို သီရိလင်္ကာတာဝန်ရှိသူများနှင့်လက်တွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယခုဆောင်ရွက်မည့်စီမံကိန်းသည် သဘာဝဘေးအပြီး သယ်ယူပို့ဆောင်ရေးအခက်အခဲများကို ဖြေရှင်းဆောင်ရွက်နိုင်ရုံသာမကဘဲ နိုင်ငံ၏ သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံကို မြှင့်တင်ပေးမည်ဟု ယုံကြည်ကြောင်း သီရိလင်္ကာနိုင်ငံပို့ဆောင်ရေး ဝန်ကြီးဌာန အတွင်းဝန် အာဆီရီ ကရုဏာဝါဒီနာက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံသည် ၂၀၂၅ ခုနှစ် နိုဝင်ဘာလ နှောင်းပိုင်းမှ ဒီဇင်ဘာလ အစောပိုင်းကာလအတွင်း ဆိုင်ကလုန်းမုန်တိုင်း ဒစ်ဝါဒဏ်ကို ခံခဲ့ရကာ အဆိုပါ ပြင်းထန်သောမုန်တိုင်းကြောင့် ဒေသခံ ၆၀၀ ကျော် သေဆုံးခဲ့ပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၁ ဘီလီယံခန့် ပျက်စီးဆုံးရှုံးမှုများဖြစ်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက်၏ ဇနီးကွယ်လွန်

ကွာလာလမ်ပူ စက်တင်ဘာ ၂၉

မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက်၏ ဇနီးဖြစ်သူ ဒေါက်တာ စီတီ ဟတ်စ်မာ မိုဟာမက် အလီသည် အသက် ၁၀၀ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ကြောင်း သိရသည်။



၎င်းသည် နိုင်ငံအတွင်း ပြည်သူ့ကျန်းမာရေးနှင့် လူမှုရေး လုပ်ငန်းများ ဆောင်ရွက်မှုကြောင့် လူသိများသူ တစ်ဦးဖြစ်သည်။

၎င်းသည် မြို့တော်ကွာလာလမ်ပူရှိ ဆေးရုံတစ်ရုံတွင် စက်တင်ဘာ ၂၈ ရက်က ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း မဟာသီယာ၏ရုံးမှ ထုတ်ပြန်ခဲ့သည်။

၁၉၂၆ ခုနှစ်ကမွေးဖွားခဲ့သည့် ဒေါက်တာ စီတီဟတ်စ်မာ မိုဟာမက်အလီသည် စင်ကာပူနိုင်ငံတွင် ဆေးကျောင်း တက်ရောက်ခဲ့ပြီး ၁၉၅၆ ခုနှစ်တွင် မဟာသီယာမိုဟာမက်နှင့် လက်ထပ်ခဲ့ကာ မိခင်များစောင့်ရှောက်ရေးဆိုင်ရာ နယ်ပယ်တွင် ကျန်းမာရေးအရာရှိတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ကလေးခုနစ်ဦး မွေးဖွားခဲ့သည်။ ၎င်းတို့စုံတွဲသည် ပြီးခဲ့သည့်လက လက်ထပ်မှု နှစ် ၇၀ ပြည့်အခမ်းအနားကို ကျင်းပခဲ့သည်။

အသက် ၁၀၁ နှစ်အရွယ်ရှိ ဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက်သည် ဝန်ကြီးချုပ်အဖြစ် ရာထူးတာဝန်ထမ်းဆောင်ချိန်ကာလအတွင်း နိုင်ငံကို ခေတ်မီစေရေးဆောင်ရွက်ခဲ့သူအဖြစ် လူသိများခဲ့သည်။

စီတီဟတ်စ်မာမိုဟာမက်အလီ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း လက်ရှိဝန်ကြီးချုပ် အန်ဝါအီဘရာဟင်က ကြေညာချက် ထုတ်ပြန်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်နိုင်ငံရှိ သဘာဝဘေးသင့် ဒေသများအတွက် အကူအညီများပေးပို့ရန် ဒရုန်းယာဉ်များ စမ်းသပ်ပျံသန်း

တိုကျို စက်တင်ဘာ ၂၉

ဂျပန်နိုင်ငံရှိ သဘာဝဘေးဒဏ်သင့်ဒေသများတွင် ထိခိုက်မှုခန့်မှန်းတွက်ချက်ရန်နှင့် ဘေးဒဏ်သင့်ဒေသများအတွက် အကူအညီများပေးပို့ရန် ဒရုန်းယာဉ်များအား ဂျပန်ဆက်သွယ်ရေး ကုမ္ပဏီ KDDI နှင့် ဂျပန်စာတိုက်လုပ်ငန်းတို့က စမ်းသပ်ပျံသန်းစေခဲ့ကြောင်း သိရသည်။ အီရှိကာဝါစီရင်စုရှိ စာတိုက်ရုံးခေါင်မိုးမှ စက်တင်ဘာ ၂၈ ရက်တွင် ဒရုန်းယာဉ်များအား စမ်းသပ်စေလွှတ်ခဲ့ခြင်းဖြစ်သည်။ ဉာဏ်ရည်တုနည်းပညာသုံးဒရုန်းယာဉ်များသည် အတားအဆီးများကို ရှာဖွေကျော်လွှားနိုင်ကြောင်း သိရသည်။ သဘာဝဘေးသင့်ဒေသလမ်းကြောင်းတစ်လျှောက်ရှိ ကျောင်းများကိုလည်း အဆိုပါဒရုန်းများဖြင့် စောင့်ကြည့်နိုင်ရန်ဆောင်ရွက်နေကြောင်း သိရသည်။

ဂျပန်နိုင်ငံရှိ စီရင်စုတိုင်းတွင် စာတိုက်ရုံးများရှိနေခြင်းသည် အားသာချက်တစ်ခုဖြစ်ပြီး ၎င်းရုံးများမှာ လူမှုအသိုင်းအဝိုင်းများနှင့်နီးကပ်စွာတည်ရှိနေသဖြင့် အဆိုပါရုံးများသည် ဒရုန်း လေဆိပ်များအဖြစ် အရေးကြီးသည့်ကဏ္ဍမှ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း KDDI SmartDrone လုပ်ငန်းဥက္ကဋ္ဌနှင့် အမှုဆောင်ချုပ်ဖြစ်သူ ဟီရိုရှိ မာဆာဖူမီကပြောကြားသည်။ နိုင်ငံတစ်ဝန်းရှိ စာတိုက်ရုံးများတွင် လာမည့် ဘဏ္ဍာနှစ်မှစတင်၍ ဒရုန်းလေဆိပ်များတည်ထောင်ရန် ၎င်းလုပ်ငန်းက ဆောင်ရွက်မည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ဟားမတ်စ်အဖွဲ့ ငွေကြေးလဲလှယ်ရေးတာဝန်ရှိသူအား သုတ်သင်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့ပြောကြား

ဂါဇာ စက်တင်ဘာ ၂၉

ဟားမတ်စ်အဖွဲ့တွင် ငွေကြေးလဲလှယ်ရေးတာဝန်ရှိသူဖြစ်သည့် ရက်ဒီ အဗူ ဟာဆီရာအား လေကြောင်းတိုက်ခိုက်မှုအတွင်း သုတ်သင်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က စက်တင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။

၎င်းသည် ဟားမတ်စ်အဖွဲ့၏ ငွေကြေးလဲလှယ်ရေးကွန်ရက်အား ဦးစီးသူဖြစ်ကာ ရာကယ်ငွေ ကုဋေပေါင်းများစွာအား နိုင်ငံခြားငွေများဖြင့် လဲလှယ်ကာ ဟားမတ်စ် တိုက်ခိုက်ရေးသမားများ၊ စစ်အခြေခံ အဆောက်အအုံများနှင့် တိုက်ခိုက်မှုများကို ဆောင်ရွက်နိုင်ရန် ငွေကြေးထောက်ပံ့ပေးခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောကြားသည်။

၎င်းသည် ဟားမတ်စ်အဖွဲ့၏ စွမ်းရည်မြှင့်မားရေး၊ အစ္စရေးတပ်ဖွဲ့ဝင်များနှင့် အရပ်သားများအား တိုက်ခိုက်နိုင်ရေးတို့အတွက် စီစဉ်ဆောင်ရွက်ခဲ့သူဖြစ်သည်။

၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် စတင်အသက်ဝင်ခဲ့သော အမေရိကန်၏ ကြားဝင်စေ့စပ်မှုဖြင့် ရရှိခဲ့သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရှိနေသော်လည်း ဂါဇာဒေသတွင် အစ္စရေး၏ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေပြီး အစ္စရေးနှင့် ဟားမတ်စ်တို့အကြား တစ်ဖက်နှင့်တစ်ဖက် သဘောတူညီချက်ကို ချိုးဖောက်သည်ဟု အပြန်အလှန် စွပ်စွဲပြောဆိုလျက်ရှိသည်။

ဆင်ဟွာ



# ထိုင်းနိုင်ငံ၌ ဖြစ်ပွားသည့်ရေကြီးရေလျှံမှုအတွင်း ဒေသခံ ရှစ်ဦး သေဆုံး



ဗန်ကောက် စက်တင်ဘာ ၂၉

ထိုင်းနိုင်ငံတွင် ဖြစ်ပွားနေသည့် ရေကြီးရေလျှံမှုအတွင်း လက်ရှိအချိန်တွင် ဒေသခံ ရှစ်ဦးအထိ သေဆုံးခဲ့ကြောင်း သဘာဝဘေးကာကွယ်ရေးနှင့် လျော့ချရေးဌာနက စက်တင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။

ဗန်ကောက်မြို့အပါအဝင် နိုင်ငံ အလယ်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသရှိ ပြည်နယ်များတွင် အဆိုပါသဘာဝဘေးဆိုင်ရာ အကျိုးသက်ရောက်မှုများကို ခံစားခဲ့ရသည်။ စက်တင်ဘာ ၁၆ ရက်မှ ၂၈ ရက်အတွင်း ပြည်နယ် ၄၂ ခုတွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး ဒေသခံ ၁ ဒသမ ၈ သန်း ထိခိုက်ခံစားခဲ့ရကြောင်း အဆိုပါဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ပြီးခဲ့သည့် ၄၈ နာရီအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများနှင့် သွားလာရေးခက်ခဲသည့် ဗန်ကောက်မြို့တော်ဒေသအား ရေကြီးရေလျှံမှုဖြစ်ပွားနေသည့် ဒေသအဖြစ်သတ်မှတ်ကြောင်း ဗန်ကောက်မြို့တော်ဝန် ချတ်ချတ် ဆီတီပန့်က စက်တင်ဘာ ၂၆ ရက်တွင် ကြေညာခဲ့သည်။

လက်ရှိအချိန်၌ ဗန်ကောက်မြို့တော် မြို့လယ်တွင် ရေကြီးရေလျှံမှုဖြစ်ပွားနေရာမှ ရေများပြန်လည်ကျဆင်းသွားပြီဖြစ်သော်လည်း မြို့ပြင်ရှိရပ်ကွက်များမှာမူ ရေကြီးရေလျှံမှုများ ဖြစ်ပွားနေကာ ၎င်းရေများ ပြန်လည်ကျဆင်းရန် သီတင်းနှစ်ပတ်မှ သုံးပတ်အထိ အချိန်ယူရမည်ဟု ၎င်းကပြောကြားသည်။ မြို့တော်ဗန်ကောက်တွင် ရေကြီးရေလျှံမှုဖြစ်စဉ်အတွင်း သေဆုံးသူမရှိကြောင်း ၎င်းက ပြောကြားသည်။ မြို့တော်ဗန်ကောက်နှင့် အနီးရှိ ပြည်နယ်သုံးခုတွင် စက်တင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်များအား အများပြည်သူအားလပ်ရက်များအဖြစ် ထိုင်းအစိုးရအဖွဲ့က သတ်မှတ်ခဲ့သည်။ ရေကြီးရေလျှံမှုကြောင့် သွားလာရေးခက်ခဲသဖြင့် အစိုးရရုံးများနှင့် ကျောင်းများကိုလည်း လုပ်ငန်းဆောင်ရွက်ခြင်းမှ ရပ်နားခဲ့သည်။

ဆင်ဟွာ

# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ရခိုင်ပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီ(၁/၂၀၂၆) အစည်းအဝေး ကျင်းပ



**စစ်တွေ စက်တင်ဘာ ၂၉**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ရခိုင်ပြည်နယ်ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ (၁/၂၀၂၆) အစည်းအဝေးကို ယနေ့ညနေပိုင်းက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ရခိုင်ပြည်နယ်ဒေသဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အဓိကဆောင်ရွက်သော နယ်စပ်ဒေသ ဧရိယာအဖြစ် သတ်မှတ်ထားသည့် ၁၈၈ မြို့နယ်ထဲတွင် ရခိုင်ပြည်နယ်မှ ၁၇ မြို့နယ် ပါဝင်သဖြင့် ရခိုင်ပြည်နယ်တစ်ခုလုံး နယ်စပ်ဒေသ ဧရိယာတွင် အကျုံးဝင်သွားကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ကဏ္ဍများအလိုက် စံချိန်စံညွှန်းနှင့် ကိုက်ညီအောင် ဆောင်ရွက်သွားကြရန်နှင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် လုပ်ငန်းများ လျာထားရာတွင် ဒေသအတွက် အမှန်တကယ် အကျိုးရှိပြီး ထိရောက်သော လုပ်ငန်းများ ဖြစ်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ရခိုင်ပြည်နယ်ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ရခိုင်ပြည်နယ် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ရခိုင်ပြည်နယ်ဒေသဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ပြည်နယ်ဦးစီးမှူးက ရခိုင်ပြည်နယ်ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှု အစီအစဉ်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးတင်ပြရာ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဆွေးနွေးပေးကာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**
**ဓာတ်ပုံ- ဝင်းမင်းစိုး**

# ဆေးတက္ကသိုလ် (မကွေး) (၂၅) နှစ်ပြည့် ငွေရတုအထိမ်းအမှတ် ကျင်းပနိုင်ရေးဆွေးနွေး



**မကွေး စက်တင်ဘာ ၂၉**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာတင်ထွန်းသည် စက်တင်ဘာ ၂၇ ရက်တွင် မကွေးမြို့ရှိ အခြေခံကျန်းမာရေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဆရာ ဆရာမများနှင့်တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် သူနာပြုသိပ္ပံ (မကွေး)သို့ ရောက်ရှိပြီး မြတ်ပညာခန်းမ၌ ကျောင်းအုပ်ကြီး၊ သင်ကြားရေးဆရာများ၊ သင်တန်းသား သင်တန်းသူများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံကာ သူနာပြုသိပ္ပံအဖြစ် အဆင့်မြှင့်တင်ခဲ့သည့်အတွက် ဆီလျော်သည့် ဥပမိရုပ်ကောင်းမွန်စေရေး သင်တန်းသား သင်တန်းသူများအနေဖြင့် သူနာပြုနှင့် သားဖွားဒီပလိုမာမှသည် ပါရဂူဘွဲ့များအထိ ပြည်တွင်း/ပြည်ပအခွင့်အလမ်းများရှိသဖြင့် ကြိုးစားကြရန် မှာကြားပြီး စာသင်ခန်းများ၊ ကျွမ်းကျင်မှုဆိုင်ရာ ပုံစံတူလက်တွေ့သင်ကြားရေးခန်းများ (Skills Lab)၊ စာကြည့်တိုက်နှင့် ကွန်ပျူတာခန်းတို့ကို လှည့်လည်ကြည့်ရှုသည်။

ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ဆေးတက္ကသိုလ် (မကွေး)ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံစဉ် မကြာမီကျင်းပမည်ဖြစ်သော ဆေးတက္ကသိုလ် (မကွေး) ၏ (၂၅) နှစ်ပြည့် ငွေရတုအထိမ်းအမှတ်အခမ်းအနား အောင်မြင်စည်ကားစွာကျင်းပနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန်၊ တက္ကသိုလ်အင်္ဂါရပ်နှင့်ညီသော ဥပမိရုပ်ကောင်းမွန်ရေး အဓိကထားဆောင်ရွက်ရန်နှင့် ငွေရတုအခမ်းအနားတွင် ဖွင့်လှစ်ရန် စီစဉ်ထားသည့် Recreation Center အဆောက်အအုံသည် တက္ကသိုလ်အတွက် ဂုဏ်ယူစရာဖြစ်ကြောင်းနှင့် ဆရာဝန်ကောင်း၊ သမားကောင်းများဖြစ်အောင် ပြုစုပျိုးထောင်ပေးရန် မှာကြားပြီး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **မောင်ခိုင်မင်း (ပြန်/ဆက်)**

# ကျိုင်းတုံမြို့၌ အရန်သားဖွားဆရာမ(သစ်လွင်)သင်တန်းဖွင့်

**ကျိုင်းတုံ စက်တင်ဘာ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အရန်သားဖွားဆရာမ (သစ်လွင်) သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၈ ရက်က ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က အမှာစကားနှင့် သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



အဆိုပါသင်တန်းသို့ ကျိုင်းတုံမြို့နယ်မှ သင်တန်းသူ ၁၁ ဦး တက်ရောက်ပြီး ခြောက်လကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**

---

သူနာပြုသိပ္ပံ(နေပြည်တော်) သူနာပြုသားဖွားဒီပလိုမာအောင်လက်မှတ်အပ်နှင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၉ ရက်က သူနာပြုသိပ္ပံ(နေပြည်တော်) ဘက်စုံသုံးခန်းမ၌ ကျင်းပရာ သူနာပြုသိပ္ပံ(နေပြည်တော်)မှ ဒုတိယကျောင်းအုပ်ကြီးက သင်တန်းသား သင်တန်းသူ ၁၁၀ အား သူနာပြုသားဖွားဒီပလိုမာအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်စဉ်။ ကြေးမုံ



---

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့၌ ညောင်ဝိုင်း-တရုတ္တာန်းရပ်ကွက်အတွင်းရှိ ရေနုတ်မြောင်းများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၉ ရက်က တူးဖော်လျက်ရှိရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာအဖွဲ့အမှုဆောင်အရာရှိနှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးစဉ်။ ထွန်းထွန်းဇော်(ပြန်/ဆက်)



---

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ခေတ္တခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးလှိုင်ဦး ဦးဆောင်၍ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၈၅ ဦးဖြင့် စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက အိုးတန်းရပ်ကွက် မင်းကျောင်းကြီးကျောင်းတိုက်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



---

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် အမှတ်(၃)နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်သစ်လွင်ဦး ဦးစီး၍ တပ်ဖွဲ့ဝင် ၂၁ ဦးတို့က ပြည်သာယာရပ်ကွက် ပြည်-အောင်လံကားလမ်းဘေးရှိ "ခေတ္တရာဘိုးဘွားရိပ်သာ" ဝင်းအတွင်း/အပြင်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ဝဏ္ဏာထွန်း (ပြန်/ဆက်)



# လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရေပြန်လည်ကျဆင်းသွားသည့် မြို့၊ ရွာ၊ ရပ်ကွက်များ၌ တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား ဖယ်ရှားရှင်းလင်း

**နေပြည်တော် စက်တင်ဘာ ၂၉**

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာ မြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်း ဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။




အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်း မြို့နယ်များရှိ ရပ်ကွက် ခုနစ်ခုနှင့် ကျေးရွာအချို့တို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိသည်။

အဆိုပါ ငဝန်မြစ်ရေသည် ယနေ့တွင် လေးမျက်နှာမြို့နယ်အတွင်း ခြောက်ပေ ကိုးလက်မခန့်၊ ရေကြည်မြို့နယ်အတွင်း ခုနစ်ပေ ၁၁ လက်မခန့်၊ ငါးသိုင်းချောင်းမြို့နယ်အတွင်း ကိုးပေ သုံးလက်မခန့်၊ ကျုံပျော်မြို့နယ်အတွင်း ခြောက်ပေ ခုနစ်လက်မခန့်နှင့် ကျောင်းကုန်းမြို့နယ် အတွင်း ခြောက်ပေ သုံးလက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီး ကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့်နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတ အသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေး စခန်းများရှိ ရေဘေးသင့် ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

❒ ကျောဖုံးမှ

ဖြစ်ပွားလျက်ရှိသည့်အပြင် မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နေရာအချို့တွင် ရေကျော်ခြင်းများ ဖြစ်ပွားလျက်ရှိပြီး မော်တော်ယာဉ်များ သွားလာနိုင်ခြင်းမရှိကြောင်း သိရသည်။

အဆိုပါရေဝင်ရောက်မှုဖြစ်ပေါ်သည့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့ရှိ ရေဘေးသင့်ပြည်သူများအား ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ယာယီရေဘေးကယ်ဆယ်ရေး စခန်းများ၊ နီးစပ်ရာဆွေမျိုးများ၏ နေအိမ်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိသည့် သရက်ချောင်းမြို့နယ်၊ ထားဝယ်မြို့နယ်နှင့် ပုလောက်မြို့နယ်တို့ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာတို့တွင် ရေဘေးသင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ရေပြန်လည်ကျဆင်းသွားသည့်နေရာများတွင် ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့စဉ် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကူညီရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှုတားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ပေးနေမှုများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

# မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ယခုလက်ရှိ အားကောင်းသောမုန်တိုင်းငယ်ဝင်ရောက်မှု အရေးပေါ်ကယ်ဆယ်တုံ့ပြန်ရေးလုပ်ငန်းများ၊ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ ပံ့ပိုးပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်



**ရန်ကုန် စက်တင်ဘာ ၂၉**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် ယခုလက်ရှိအားကောင်းသောမုန်တိုင်းငယ် ဝင်ရောက်မှုအပေါ် အရေးပေါ်ကယ်ဆယ်တုံ့ပြန်ရေးလုပ်ငန်းများ၊ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ ပံ့ပိုးပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

မုန်တိုင်းငယ် ဝင်ရောက်မှုကြောင့် ထိခိုက်ခံစားရနိုင်သောပြည်သူများအတွက် လိုအပ်သည့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံကြက်ခြေနီအသင်း အနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တာဝန်ရှိသူများ၊ မိတ်ဖက်ကြက်ခြေနီအသင်းများမှ တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် အသင်းရန်ကုန်ရုံးခွဲ၌ Hybrid ပုံစံဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် မုန်တိုင်းငယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အရေးပေါ် အခြေအနေများအတွက် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ ကြိုတင်နေရာချထားရေး၊ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များ အဆင်သင့်ဖွဲ့စည်းထားရှိရေး၊ လိုအပ်သည့် မော်တော်ယာဉ်များနှင့် လှေများ ကြိုတင်စီစဉ်ထားရှိရေး၊ အရေးပေါ်ခိုလှုံရာနေရာများ (Temporary Shelter) ပြင်ဆင်ထားရှိရေး၊ ဒေသတွင်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရေး၊ အသင်းခွဲများမှပေးပို့လာသည့် သတင်းအချက်အလက်များအပေါ် မူတည်၍ လိုအပ်သည့်ပံ့ပိုးကူညီမှုများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးရေးနှင့် ဖြစ်ပေါ်တိုးတက်မှုများကို အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့နိုင်ရေးတို့ကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်က ဆွေးနွေးသည်။

ယင်းနောက် ပြည်နယ်နှင့် တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီဝင်များက လက်ရှိဆောင်ရွက်နေမှု အခြေအနေများကို တင်ပြကြပြီး တက်ရောက်လာကြသည့် မိတ်ဖက်ကြက်ခြေနီအသင်းများမှ ပံ့ပိုးကူညီနိုင်မည့် ကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း အလုပ်အမှုဆောင်များ၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဝင်များ၊ ဒုတိယအထွေထွေအတွင်းရေးမှူးများနှင့် လက်ထောက်အထွေထွေအတွင်းရေးမှူး တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း(IFRC)၊ ဒိန်းမတ်နိုင်ငံ ကြက်ခြေနီအသင်း၊ ဂျာမနီနိုင်ငံ ကြက်ခြေနီအသင်း၊ ဖင်လန် နိုင်ငံ ကြက်ခြေနီအသင်း၊ ကိုရီးယားနိုင်ငံ ကြက်ခြေနီအသင်း၊ နော်ဝေနိုင်ငံ ကြက်ခြေနီအသင်း၊ ဗြိတိန်နိုင်ငံ ကြက်ခြေနီအသင်း၊ ဩစတြေးလျနိုင်ငံ ကြက်ခြေနီအသင်းနှင့် ဂျပန်နိုင်ငံ ကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဝေါမြို့နယ်အတွင်း ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေး ရေနုတ်မြောင်းများ ရှင်းလင်းတူးဖော်

**ဝေါ စက်တင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းလှိုင် ဦးဆောင်ကာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရထွန်းနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ယနေ့နံနက်ပိုင်းမှ စတင်ကာ မြို့နယ်အတွင်း ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေးအတွက် ရေနုတ်မြောင်းများအား စက်အား လူအားတို့ဖြင့် ရှင်းလင်းတူးဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အာကာ(ပြန်/ဆက်)**

# သထုံမြို့နယ်အတွင်း ချောင်းမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

**သထုံ စက်တင်ဘာ ၂၉**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း အမှိုက်သရိုက်များပိတ်ဆို့မှု မဖြစ်ပွားစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ဦးဆောင်မှုဖြင့် နယ်မြေခံတပ်ရင်းတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနတာဝန်ရှိသူများ ပူးပေါင်းကာ ယနေ့နံနက်ပိုင်းက သိမ်ကုန်းရပ်ကွက် ရန်ကုန်-မော်လမြိုင်ကားလမ်းမဘေး ရထားလမ်းကူးအနီးရှိ ချောင်းအား စုပေါင်းတူးဖော်ရှင်းလင်းခဲ့ကြသည်။

စုပေါင်းရှင်းလင်းရာတွင် ခေတ္တတပ်နယ်မှူး ဗိုလ်မှူးကြီး စောထွန်းအောင်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးစိုး၊ ခရိုင်နှင့်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များက တပ်မတော်သားများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့ဝင်တို့နှင့် စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မဟာဗျူဟာမြောက် စွမ်းအင်စီမံကိန်းနှင့် အမြင်သစ်မြန်မာနိုင်ငံ၏ အနာဂတ် အပိုင်း(၄)

ကောင်းပြည့်

အီတိုင်းပုစီမံကိန်း၏ အောင်မြင်မှုတစ်ခုဖြစ်သော “ဇီဝမျိုးစုံမျိုးကွဲစင်္ကြံ” (Biodiversity Corridor) တည်ထောင်သည့် နည်းလမ်းကိုလည်း မြစ်ဆုံဒေသတွင် ကျင့်သုံးသင့်ပါသည်။ ဆည်ပတ်လည်ရှိ ကျန်ရှိနေသော သဘာဝတောအုပ်များကို တစ်ခုနှင့်တစ်ခု ပြန်လည်ဆက်သွယ်ပေးခြင်းဖြင့် တောရိုင်းတိရစ္ဆာန်များ ဘေးကင်းစွာ ကူးသန်းသွားလာနိုင်ရန် ဖန်တီးပေးခြင်းမှာ မြစ်ဆုံစီမံကိန်း၏ ဂေဟစနစ်ဆိုင်ရာ တာဝန်ယူမှုကို ပြသရာရောက်ပါသည်။ အဆိုပါနည်းလမ်းသည် သစ်တောများပြုန်းတီးခြင်းကို တားဆီးပေးရုံသာမက မျိုးသုဉ်းလုနီးပါး သတ္တဝါများကိုလည်း ပြန်လည်ရှင်သန်ခွင့်ပေးနိုင်မည်ဖြစ်ပါသည်။

### အဆင့်မြင့်အင်ဂျင်နီယာအတတ်ပညာများက ထိုစိန်ခေါ်မှုများကို ထိရောက်စွာဖြေရှင်းပေးနိုင်

မြစ်ဆုံစီမံကိန်းတည်ရှိရာနေရာသည် အသက်ဝင်နေဆဲဖြစ်သော စစ်ကိုင်းပြတ်ရွေ့ကြောနှင့် ကီလိုမီတာ ၁၀၀ ဝန်းကျင်သာ ကွာဝေးပြီး အခြားပြတ်ရွေ့ခွဲများနှင့် နီးကပ်နေသည်ဟု ဘူမိဗေဒပညာရှင်များက ထောက်ပြကြသော်လည်း ယနေ့ခေတ် အဆင့်မြင့်အင်ဂျင်နီယာအတတ်ပညာများက ထိုစိန်ခေါ်မှုများကို ထိရောက်စွာ ဖြေရှင်းပေးနိုင်ပြီဖြစ်သည်။ စီမံကိန်းတွင် အသုံးပြုမည့် ကျောက်ဖြည့်တမံ (Rock-fill Dam) ဒီဇိုင်းသည် ငလျင်လှုပ်ခတ်မှုကြောင့် ဖြစ်ပေါ်လာသည့် တုန်ခါမှုလှိုင်းများကို ပျော့ပျောင်းစွာတုံ့ပြန်နိုင်စွမ်းရှိပြီး ကွန်ကရစ်တမံများထက် ပိုမိုခိုင်ခံ့ဘေးကင်းပါသည်။ ပြင်းအား ၈ ဒသမ ၀ ရစ်ချ်တာစကေးအထက်ရှိသော ငလျင်ဒဏ်ကိုပင် ကြံ့ကြံ့ခံနိုင်ရည်ရှိစေရန် အသေးစိတ်တွက်ချက်ပုံစံထုတ်ထားခြင်းက ဒေသတွင်းလုံခြုံစိတ်ချရမှုကို အပြည့်အဝအာမခံချက်ပေးထားခြင်းပင်ဖြစ်ပါသည်။

ထို့အပြင် နိုင်ငံတကာအဆင့်မီ ငလျင်တိုင်းတာရေးနှင့် ကြိုတင်သတိပေးစနစ်များကို စီမံကိန်းဧရိယာတစ်ဝိုက်တွင် စနစ်တကျ တပ်ဆင်ထားမည်ဆိုပါက သဘာဝဘေးအန္တရာယ်ကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ထိန်းချုပ်သွားနိုင်မည်ဖြစ်သည်။ ပြတ်ရွေ့နှင့်နီးကပ်သည့် အခြားသောကမ္ဘာ့နိုင်ငံများရှိ ဆည်ကြီးများသည်လည်း နည်းပညာပိုင်းဆိုင်ရာ ခိုင်မာမှုကြောင့် ဆယ်စုနှစ်ပေါင်းများစွာ ဘေးကင်းစွာ လည်ပတ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ပညာရှင်များ၏ စိုးရိမ်မှုများကို နည်းပညာပိုင်းဆိုင်ရာ အချက်အလက်များဖြင့် စနစ်တကျ ဖြေရှင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အတွက် အရေးပါသော လျှပ်စစ်စွမ်းအင်ကို ဘေးကင်းလုံခြုံစွာ ထုတ်ယူနိုင်ရုံသာမက ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အရှိန်အဟုန်ဖြင့် ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါသည်။

မြစ်ဆုံဒေသ၏ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ စိန်ခေါ်မှုများကိုလည်း ထိခိုက်မှုအနည်းဆုံးဖြစ်အောင် စီမံခန့်ခွဲရမည်ဖြစ်ပါသည်။ ဒေသခံပြည်သူများကို သစ်တောထိန်းသိမ်းရေးနှင့် စီမံကိန်း၏ အကျိုးကျေးဇူးများတွင် တိုက်ရိုက်ပါဝင်စေခြင်း၊ ပညာပေးခြင်းနှင့် လူနေမှုဘဝပြန်လည်ထူထောင်ခြင်းတို့ကို စနစ်တကျ လုပ်ဆောင်မည်ဆိုပါက လူနှင့် သဘာဝပတ်ဝန်းကျင်မျှတစွာ ရှင်သန်နိုင်သည့် စနစ်တစ်ခုဖြစ်လာပါမည်။ စီမံကိန်းမှ ရရှိလာသော အကျိုးအမြတ်များကို ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးအသုံးပြုခြင်းဖြင့် လူမှုရေးရာ စိုးရိမ်ပူပန်မှုများကို ဖြေရှင်းပေးနိုင်မည်ဖြစ်ပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်ကာ နိုင်ငံတကာအဆင့်မီ သာယာဝပြောသော **“အမြင်သစ် မြန်မာနိုင်ငံ (A New Vision of Myanmar)”** လူ့ဘောင်လောကကို တည်ဆောက်နိုင်ရန်အတွက် လုံလောက်သော

**မြစ်ဆုံစီမံကိန်းတည်ရှိရာနေရာသည် အသက်ဝင်နေဆဲဖြစ်သော စစ်ကိုင်းပြတ်ရွေ့ကြောနှင့် ကီလိုမီတာ ၁၀၀ ဝန်းကျင်သာကွာဝေးပြီး အခြားပြတ်ရွေ့ခွဲများနှင့် နီးကပ်နေသည်ဟု ဘူမိဗေဒပညာရှင်များက ထောက်ပြကြသော်လည်း ယနေ့ခေတ် အဆင့်မြင့်အင်ဂျင်နီယာအတတ်ပညာများက ထိုစိန်ခေါ်မှုများကို ထိရောက်စွာ ဖြေရှင်းပေးနိုင်ပြီဖြစ်သည်။ စီမံကိန်းတွင် အသုံးပြုမည့် ကျောက်ဖြည့်တမံ (Rock-fill Dam) ဒီဇိုင်းသည် ငလျင်လှုပ်ခတ်မှုကြောင့် ဖြစ်ပေါ်လာသည့် တုန်ခါမှုလှိုင်းများကို ပျော့ပျောင်းစွာတုံ့ပြန်နိုင်စွမ်းရှိပြီး ကွန်ကရစ်တမံများထက် ပိုမိုခိုင်ခံ့ဘေးကင်းပါသည်။ ပြင်းအား ၈ ဒသမ ၀ ရစ်ချ်တာစကေး အထက်ရှိသော ငလျင်ဒဏ်ကိုပင် ကြံ့ကြံ့ခံနိုင်ရည်ရှိစေရန် အသေးစိတ်တွက်ချက် ပုံစံထုတ်ထားခြင်းက ဒေသတွင်းလုံခြုံစိတ်ချရမှုကို အပြည့်အဝအာမခံချက်ပေး ထားခြင်းပင်ဖြစ်**

လျှပ်စစ်စွမ်းအင် အရင်းအမြစ်များကို ရှာဖွေဖော်ထုတ်ရန်မှာ ယနေ့ခေတ်တွင် အမျိုးသားရေးတာဝန်တစ်ရပ်ကဲ့သို့ အလွန်ပင် အရေးကြီးလှပါသည်။ အဆိုပါ မြင့်မြတ်သော မျှော်မှန်းချက်ကို အတိုဆုံးသောအချိန်ကာလအတွင်း လက်တွေ့ကျကျ အကောင်အထည်ဖော်ပေးနိုင်မည့် မဟာဗျူဟာမြောက်စီမံကိန်းကြီးမှာ မြစ်ဆုံစီမံကိန်းပင်ဖြစ်ပါသည်။

အကယ်၍ကျွန်ုပ်တို့သည် ကမ္ဘာ့အောင်မြင်သော စံနမူနာများမှ နည်းပညာနှင့် စီမံခန့်ခွဲမှု အတွေ့အကြုံများကို သင်ခန်းစာယူကာ မြန်မာ့ပထဝီဝင် အနေအထားနှင့်ကိုက်ညီအောင် ပြင်ဆင်ဆောင်ရွက်နိုင်မည်ဆိုပါက မြစ်ဆုံစီမံကိန်းသည် မြန်မာ့စီးပွားရေးကို အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်လာစေမည့် သမိုင်းဝင် အလှည့်အပြောင်းကြီးတစ်ခု ဖြစ်လာမည်မှာ မြေကြီးလက်ခတ်မလွဲ အသေအချာပင် ဖြစ်ပါသည်။

### နည်းပညာစွမ်းပကားဖြင့် သဘာဝတရားကို အကျိုးရှိရှိထိန်းကျောင်း

ဘရာဇီးနှင့် ပါရာဂွေးနိုင်ငံတို့၏ အီတိုင်းပုစီမံကိန်းနှင့် တရုတ်နိုင်ငံ၏ မြစ်ကျဉ်းသုံးသွယ် ရေကာတာတို့သည် လူသားတို့၏ နည်းပညာစွမ်းပကားဖြင့် သဘာဝတရားကို အကျိုးရှိရှိ ထိန်းကျောင်းကာ နိုင်ငံ၏ ကံကြမ္မာကို မည်သို့ပြောင်းလဲပစ်နိုင်သည်ဆိုသည့် သက်သေပြချက်များပင်ဖြစ်ပါသည်။ အဆိုပါ စီမံကိန်းကြီးများသည် ရိုးရှင်းသော ကွန်ကရစ်တံတိုင်းကြီးများ မဟုတ်ဘဲ နိုင်ငံ၏စီးပွားရေးကို မောင်းနှင်ပေးသည့် အင်အားကြီးမားသော နှလုံးသွေးကြောများအဖြစ် ဆယ်စုနှစ်များစွာ တည်ရှိနေကြပါသည်။ အဆိုပါကမ္ဘာ့စံနမူနာပြုစီမံကိန်းများထံမှရရှိသော အဓိကသင်ခန်းစာမှာ ခေတ်မီအင်ဂျင်နီယာအတတ်ပညာနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒတို့ကို ဟန်ချက်ညီညီ ပေါင်းစပ်နိုင်ပါက ဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်တည်တံ့နိုင်သည်ဟူသော အချက်ပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွက်လည်း မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းသည် နိုင်ငံတော်၏ အနာဂတ်ကို လင်းထိန်စေမည့်၊ စက်မှုကဏ္ဍနှင့် လူမှုစီးပွားဘဝများကို အရှိန်အဟုန်ဖြင့် မြှင့်တင်ပေးနိုင်မည့် မဟာဗျူဟာမြောက် အခွင့်အလမ်းတစ်ခု ဖြစ်ပါသည်။ မြစ်ဆုံစီမံကိန်းမှ ထွက်ရှိလာမည့် ရေအားလျှပ်စစ်စွမ်းအားသည် မြန်မာနိုင်ငံ၏ စက်မှုဇုန်များကို အရှိန်အဟုန်ဖြင့် လည်ပတ်စေမည်ဖြစ်ပါသည်။ လျှပ်စစ်မီးတည်ငြိမ်စွာ ရရှိခြင်းကြောင့် ကုန်ထုတ်လုပ်မှုစရိတ်များ သိသိသာသာ ကျဆင်းလာကာ မြန်မာ့ထုတ်ကုန်များသည် နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားလာပါလိမ့်မည်။ ယင်းကဲ့သို့သော အရှိန်အဟုန်ဖြင့် တိုးတက်မှုသည် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်ရုံသာမက ပြည်တွင်းရှိ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း ထောင်ပေါင်းများစွာကို ဖန်တီးပေးနိုင်မည့် အနာဂတ်မျှော်လင့်ချက်လည်း ဖြစ်ပါသည်။

### နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိ

ထို့အပြင် စီမံကိန်းသည် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားလုံလောက်စွာ ရရှိစေခြင်းဖြင့် အမျိုးသားဝင်ငွေ (GDP) ကို မြှင့်တင်ပေးနိုင်ရုံသာမက ပိုလျှံသော လျှပ်စစ်ဓာတ်အားကို အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ခြင်းဖြင့် နှစ်စဉ် အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာသော နိုင်ငံခြားဝင်ငွေကိုလည်း ရရှိစေမည်ဖြစ်ပါသည်။ ထို့အပြင် မြစ်အောက်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှု ဘေးအန္တရာယ်ကို ထိန်းညှိပေးခြင်း၊ နွေရာသီစိုက်ပျိုးရေ လုံလောက်စွာ ပေးဝေနိုင်ခြင်းနှင့် ရေကြောင်းသွားလာရေးကို ပိုမိုကောင်းမွန်စေခြင်း စသည့် တန်ဖိုးမဖြတ်နိုင်သော ဘေးထွက်အကျိုးကျေးဇူးများကိုပါ မြန်မာပြည်သူများအတွက် ဆောင်ကြဉ်းပေးနိုင်ပါလိမ့်မည်။

**စီမံကိန်းသည် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိစေခြင်းဖြင့် အမျိုးသားဝင်ငွေ (GDP) ကို မြှင့်တင်ပေးနိုင်ရုံသာမက ပိုလျှံသော လျှပ်စစ်ဓာတ်အားကို အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ခြင်းဖြင့် နှစ်စဉ် အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာသော နိုင်ငံခြားဝင်ငွေကိုလည်း ရရှိစေမည်ဖြစ်ပါသည်။ ထို့အပြင် မြစ်အောက်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုဘေးအန္တရာယ်ကို ထိန်းညှိပေးခြင်း၊ နွေရာသီစိုက်ပျိုးရေ လုံလောက်စွာပေးဝေနိုင်ခြင်းနှင့် ရေကြောင်းသွားလာရေးကို ပိုမိုကောင်းမွန်စေခြင်း စသည့်တန်ဖိုးမဖြတ်နိုင်သော ဘေးထွက်အကျိုးကျေးဇူး များကိုပါ မြန်မာပြည်သူများအတွက် ဆောင်ကြဉ်းပေးနိုင်**

အထူးသဖြင့် စီမံကိန်းတည်ရှိရာ ကချင်ပြည်နယ်အတွက် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းသည် ဒေသတွင်း လျှပ်စစ်မီး အပြည့်အဝရရှိစေရုံသာမက လမ်းတံတားနှင့် အခြေခံအဆောက်အအုံများကိုပါ တစ်ပါတည်း တိုးတက်ကောင်းမွန်လာစေမည့် ဖွံ့ဖြိုးရေးမဏ္ဍိုင်ကြီးတစ်ခုဖြစ်ပါသည်။ စီမံကိန်းကြောင့် ပေါ်ထွက်လာမည့် အလုပ်အကိုင်အခွင့်အလမ်းသစ်များနှင့် နည်းပညာလွှဲပြောင်းမှုများသည် ဒေသခံလူငယ်များ၏အနာဂတ်ကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး ရေကြောင်းသွားလာရေး ပိုမိုကောင်းမွန်လာခြင်းနှင့် ရေဘေးအန္တရာယ်ကို စနစ်တကျ ထိန်းချုပ်ပေးနိုင်ခြင်းတို့ကြောင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုလုံခြုံစိတ်ချရလာမည်ဖြစ်ပါသည်။

ထို့ပြင် တည်ငြိမ်သော လျှပ်စစ်ဓာတ်အားကြောင့် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ (SMEs) ကျယ်ပြန့်လာကာ ကချင်ပြည်နယ်၏ ဒေသထွက်ကုန်များကို နိုင်ငံတကာဈေးကွက်ဝင် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်တော့မည်ဖြစ်သလို စနစ်တကျ ဖော်ဆောင်မည့် အစိမ်းရောင်ဇုန်များနှင့် ဂေဟစနစ်ခရီးသွားလုပ်ငန်း (Ecotourism) များကြောင့် ပြည်နယ်၏ သဘာဝအလှတရားကို ထိန်းသိမ်းရင်း ဒေသခံများအတွက် ရေရှည်တည်တံ့သော ဝင်ငွေလမ်းကြောင်းများကိုလည်း ကဏ္ဍစုံမှ ပွင့်လန်းလာစေမည်ဖြစ်ပါသည်။

ကမ္ဘာတစ်ဝန်းရှိအောင်မြင်သော ရေအားလျှပ်စစ်စီမံကိန်းများ၏ အနှစ်သာရဖြစ်သည့် မြစ်၏မူလရေစီးနှုန်းနှင့် ရေပမာဏကို မြစ်အောက်ပိုင်းသို့ ပုံမှန်စီးဆင်းစေမည့်နည်းစနစ်များ၊ ငါးကူးလမ်းကြောင်းများ၊ နုန်းထုတ်ပြွန်စနစ်များ (Sediment Flushing Outlets)၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအစီအမံများနှင့် ခေတ်မီငလျင်ဒဏ်ကာကွယ်ရေးနည်းပညာများကို မြစ်ဆုံစီမံကိန်းတွင် စနစ်တကျ ထည့်သွင်းကျင့်သုံးသွားမည်ဆိုပါက ကျွန်ုပ်တို့၏ အမိဧရာဝတီမြစ်၏ ဂေဟစနစ်ကို ရေရှည်တည်တံ့စေရုံသာမက နိုင်ငံတော်အတွက် အဖိုးတန်လှသော စွမ်းအင်ရတနာများကိုပါ ဘေးကင်းလုံခြုံစွာ ထုတ်ယူနိုင်မည်ဖြစ်ပါသည်။

ရေအားလျှပ်စစ်ကဲ့သို့သော သန့်ရှင်းသည့်စွမ်းအင်သည် ကမ္ဘာကြီးပူနွေးမှုကို တိုက်ဖျက်ရန်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် အထိရောက်ဆုံးသော လက်နက်တစ်ခုလည်း ဖြစ်ပါသည်။ ထို့ကြောင့် လူသားတို့၏ ဆန်းသစ်တီထွင်မှုစွမ်းပကားနှင့် သဘာဝတရား၏ အရင်းအမြစ်များကို ဟန်ချက်ညီညီ ပေါင်းစပ်ဖော်ဆောင်ခြင်းဖြင့် မြစ်ဆုံစီမံကိန်းသည် နောင်လာနောက်သား မျိုးဆက်များအတွက် စွမ်းအင်လုံခြုံမှု၊ လူမှုစီးပွားသာယာဝပြောမှုနှင့် အစိမ်းရောင်အနာဂတ်ကို ထွန်းလင်းတောက်ပစေမည့် **‘အနာဂတ်၏ မီးရှူးတန်ဆောင်’** တစ်ခုအဖြစ် မြန်မာ့မြေပေါ်တွင် ခိုင်မာစွာ ပေါ်ထွန်းလာသင့်ပါကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။



# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၉**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် မြိုင်ကလေးမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေး ဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အောင်ပန်းကုံးများကမ်း၍ လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

**အမှာစကားပြောကြား**

ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၂၉**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းမှတ်တမ်းများနှင့်အစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စု နယ်မြေနေပြည်တော် တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)ရွှေးစုမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့ တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် ကျောင်းသား ကျောင်းသူများအတွက် ယနေ့ လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။



# ဟင်္သာတခရိုင်အတွင်း ရေနုတ်မြောင်းများ ရှင်းလင်း

**ဟင်္သာတ စက်တင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် မိုးရာသီကာလ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်ခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးဆောင်၍ ရေမြောင်းအတွင်း အမှိုက်များ၊ နုန်းများ ဆယ်ယူတူးဖော်ခြင်း၊ လမ်းဘေးဝဲယာတစ်လျှောက် မြက်ဖြတ်ခြင်းတို့ကို ယနေ့နံနက်ပိုင်းက တာလေးရပ်ကွက်၊ ပန်းပဲတန်းရပ်ကွက်နှင့် မြဝတီရပ်ကွက်တို့တွင် ဆောင်ရွက်ကြသည်။

အဆိုပါ ရေနုတ်မြောင်းများဆယ်ယူခြင်းကို ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နေပြည်သူများ စုပေါင်းဆောင်ရွက်ရာသို့ ဟင်္သာတခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌသည် ဟင်္သာတမြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး၊ အင်ဂျင်နီယာမှူးတို့နှင့်အတူ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိထားသည့် ကုမ္ပဏီများ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအား လိုက်နာစေရေး အလေးထား ဆောင်ရွက်




နေပြည်တော် စက်တင်ဘာ ၂၉

မန္တလေးတိုင်း ဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ အမှတ် (၁) သတ္တုတွင်းလုပ်ငန်း ရုံးအဆောက်အအုံသစ် ပန္နက်တင်အခမ်းအနားကို ယမန်နေ့က အဆိုပါရုံးနေရာ၌ ကျင်းပရာ အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်လတ်ကြီး တက်ရောက်ခဲ့သည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိထားသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးရာ မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေများအရ ချုပ်ဆိုထားသည့် စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများအား လိုက်နာစေရေး၊ ထုတ်လုပ်မှုကိန်းဂဏန်းများ တင်ပြရာတွင် မှန်ကန်စေရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးတို့ကို အလေးထား လိုက်နာဆောင်ရွက်သွားရန် မှာကြားသည်။

ထို့အတူ စက်တင်ဘာ ၂၇ ရက်ကလည်း ကျောက်ဆည်မြို့ရှိ အမှတ်(၂)အကြီးစား စက်မှုလုပ်ငန်း၏ အမှတ်(၃၃) အကြီးစား စက်ရုံ (ကျောက်ဆည် ဘိလပ်မြေ စက်ရုံ)ကို လည်းကောင်း၊ ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာရှိ ထုံးကျောက်အကြီးစား လုပ်ကွက်ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဦးစီးဌာန/လုပ်ငန်းရုံးခွဲများကိုကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးကာ လိုအပ်သည့်အုပ်ချုပ်မှုကိစ္စများကို တာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## သာပေါင်းမြို့နယ်၌ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်

သာပေါင်း စက်တင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ရပ်ကွက်နှစ်ခု၊ ကျေးရွာ ၂၂ ရွာတို့၌ နေအိမ်ပြိုကျ၊ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ လက်ဝယ်အရောက် ပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်အေးခန်းမ၌ ကျင်းပသည်။

စက်တင်ဘာ ၂၇ ရက်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး လေပြင်းတိုက်ခတ်မှုကြောင့် မြို့ပေါ်ရပ်ကွက်နှစ်ခုနှင့် (ရွှေဇံအိုး၊ ဒည်ကုန်း၊ ရှင်ကြီးပျောက်၊ သဲဖြူ၊ လင်းတာကျ၊ သရက်ကုန်း၊ သမင်ကုန်း၊ မကျီးကုန်း၊ ရှမ်းမမြောင်၊ တောင်ကလေး၊ ဘုရားနီ၊ ဆီဆုံ၊ အိမ်ဆိုးချောင်း) ကျေးရွာအုပ်စုမှ ကျေးရွာ ၂၂ ရွာတို့၌ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် နေအိမ် ၆၁ လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၂၄၄၀၀၀၀ နှင့် ပြိုကျပျက်စီးနေအိမ်အလုံး ၂၀ အတွက် ငွေကျပ် ၂၆၀၀၀၀၀၊ ဘေးသင့်လူဦးရေ ၃၂၁ ဦးအတွက် ဆန်ဖိုး ငွေကျပ် ၁၆၀၅၀၀၀ စုစုပေါင်း ငွေကျပ် ၆၆၄၅၀၀၀ နှင့် ၁၀၇၆၇၈ တန်ဖိုးပါ ကယ်ဆယ်ရေးပစ္စည်းပုံး ၂၀ တို့ကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးတို့က လေဘေးသင့်ပြည်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## တွံတေးမြို့နယ် မွေးမြူရေးဇုန်လုပ်ငန်းများ ဆောင်ရွက်နေမှု ညှိနှိုင်းအစည်းအဝေးကျင်းပ

တွံတေး စက်တင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် တလုတ္တော်ကျေးရွာအုပ်စုရှိ တွံတေးမွေးမြူရေးဇုန် လုပ်ငန်းများဆောင်ရွက်နေမှုနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၇ ရက်က တွံတေးမွေးမြူရေးဇုန်ရှိ ရှင်းလင်းဆောင်၌ ကျင်းပသည်။

ဦးစွာ တွံတေးမွေးမြူရေးဇုန် အနီးကပ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်အဆင့် တွံတေးမွေးမြူရေးဇုန် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မျိုးသန့်က တွံတေးမွေးမြူရေးဇုန် ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ဆွေးနွေးကာ တွံတေးမွေးမြူရေးဇုန်ကော်မတီဥက္ကဋ္ဌ ဦးတင်ရွှေကိုယ်စား ဇုန်ကော်မတီဘဏ္ဍာရေးမှူး ဦးသီဟတင်က မွေးမြူရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး တွံတေးမွေးမြူရေးဇုန် ကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ စုစုပေါင်းအင်အား ၁၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

## မြောင်းမြမြို့၌ မြို့ရွာသန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

မြောင်းမြ စက်တင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ ပတ်ဝန်းကျင်သန့်ရှင်းစေရေးအတွက် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီတို့က ကြီးကြပ်၍ မြောင်းမြ-ပုသိမ် အဝေးပြေးကားလမ်းမကြီးတစ်လျှောက် ယနေ့နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့က ကြာဖူးငုံလက်ပံကျေးရွာအုပ်စုနှင့် ခနိုးချောင်းကျေးရွာအုပ်စုတို့မှ ကျေးရွာနေပြည်သူ ၁၀၀ ခန့်က ရေမြောင်းအတွင်းမှ ဗေဒါများ ဆယ်ယူခြင်းနှင့် မွေတော်ရှမ်းစု၊ လေးအိမ်တန်း၊ ကျုံသွတ်ကျေးရွာအုပ်စုတို့မှ ကားလမ်းမကြီးဘေးဝဲ/ယာ သန့်ရှင်းသပ်ရပ်မှုရှိစေရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မိုးမိုး(ပြန်/ဆက်)**



## ကျောက်မဲမြို့၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးနိုင်ရေး စက်ချုပ်နည်းပညာသင်တန်းဆင်း

ကျောက်မဲ စက်တင်ဘာ ၂၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေး စီမံကိန်းပါ စက်ချုပ်နည်းပညာသင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၈ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် မန်ကျောင်းကျေးရွာရှိ ဇေယျာသုခမန်ခါ ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်မဲမြို့ ရက်ကန်းနှင့် အသက်မွေးဝမ်းကျောင်းပညာ သင်တန်းကျောင်းအုပ်ကြီး ဦးသိန်းမြင့်ထွေးက စီမံကိန်း ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

### ပေးအပ်

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းက ထူးချွန်သင်တန်းသူ မနန်းအဲရွှေလီပါ ငါးဦးအား တစ်ဦးလျှင် စက်ချုပ်စက်၊ ခါးစက်၊ ဘီတင်စက်၊ ထုပ်သီးရိုက်စက်၊ မီးပူနှင့် ဆက်စပ်ပစ္စည်းများကို အခမဲ့ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးမိုးနိုင်က သင်တန်းဆင်းလက်မှတ်များနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ဇော်က သင်တန်းထွက်ပစ္စည်းများကို ပေးအပ်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**



## ကျောက်ဆည်မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စစ်ဆေး



ကျောက်ဆည် စက်တင်ဘာ ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်မီးသတ်ဦးစီးဌာနမှ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က မြို့နယ်အတွင်းရှိ KTV ဆိုင်များအား ကွင်းဆင်းစစ်ဆေးခြင်းများ ပြုလုပ်သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန့်ဇင်ဦး ဦးဆောင်၍ ကျောက်ဆည်မြို့နယ် တောင်နောက်ကျေးရွာရှိ Lucky KTV တွင် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခြင်း၊ လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# လဲချားမြို့၌ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု (အေရိုးဗစ်) ပြိုင်ပွဲ ကျင်းပ

လဲချား စက်တင်ဘာ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့၌ ၂၀၂၆ ခုနှစ် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု (အေရိုးဗစ်) ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လဲချားမြို့ သီရိဟံသာခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် တက်ရောက်လာကြသည့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ရဲမှူး စန်းနိုင်နှင့် ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင် ကျောင်းသူများက နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် ပြိုင်ပွဲဝင် အသင်းများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ကိုယ်စား ရဲမှူးစန်းနိုင်က အဖွင့် အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်များက အေရိုးဗစ် အကဖြင့် ကပြဖျော်ဖြေကြကာ ပြိုင်ပွဲများကိုစတင်ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် အခြေခံပညာ ကျောင်းများမှ ကျောင်းသူများက ချယ်ရီမေ၊ သဇင်နှင်း၊ စံပယ်ဖွေး၊ ပိတောက်ချစ်သူ၊ ချစ်နှင်းဆီနှင့် အင်ကြင်းစံစသည့် အသင်း ခြောက်သင်းဖြင့် ပါဝင်ယှဉ်ပြိုင်ကြရာ ပထမရရှိသော စံပယ်ဖွေးအသင်းအား မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းမာလှိုင်က ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။ **လဲချား(ပြန်/ဆက်)**

# တာမွေမြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်စည်းဝေး



ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် သမဝါယမ အသင်းစုလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြို့နယ်သမဝါယမအသင်းစုရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌက သဘာပတိအဖြစ်ဆောင်ရွက်ပြီး မြို့နယ်သမဝါယမဦးစီးအရာရှိက ရှေ့ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ဖွဲ့စည်းရေးကော်မတီမှ လက်ထောက်ညွှန်ကြားရေးမှူးက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။ **အာကာ**

■ **M-League မှ**

နိုင်ပွဲဆက်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် မိနစ် ၈၀ ကျော်အထိ တစ်ဂိုးအသာဖြင့်သာ ဦးဆောင်နိုင်သော်လည်း ပွဲပြီးခါနီးတွင် ဂိုးများဆက်တိုက်သွင်းယူကာ သုံးဂိုးပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၃၄၊ ၈၄ မိနစ်တို့တွင် ကောင်းခန့်ဟိန်း၊ ၈၇ မိနစ်တွင် သူရတို့က သွင်းယူသည်။

ဗဟန်းကွင်း၌ကျင်းပသည့်ပွဲတွင် Falcon အသင်းက မြဝတီအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ မြန်မာယူ-၁၇ လူငယ်လက်ရွေးစင်အသင်းဖြစ်သော Falcon အသင်းသည် မြဝတီအသင်းကို နှစ်ကျော့စလုံး အနိုင်ကစားနိုင်ခဲ့သည်။ Falcon အသင်းအတွက် ဂိုးများကို နှစ်မိနစ်တွင် ဟန်ထူးလွင်၊ ၃၁ မိနစ်တွင် အောင်ဆက်ပိုင်၊ ၄၉ မိနစ်တွင် အောင်သူလှိုင်တို့က သွင်းယူပြီး မြဝတီအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၂ မိနစ်တွင် ဘိုဟိန်းက သွင်းယူခဲ့သည်။

ပွဲစဉ် (၁၇) ဒုတိယနေ့ကို စက်တင်ဘာ ၃၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ Chinland အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ ဗဟန်းကွင်း၌ ရန်ကုန်စီးတီးအသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ML**

# ဝမ်းတွင်းမြို့နယ်၌ စက်ရက်ကန်းဖလား အမျိုးသားအလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ကျင်းပ

ဝမ်းတွင်း စက်တင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ မြဝတ်ရည်လမ်းသွယ်၊ အမှတ်(၁၄၈-AD)နေ ဒေါ်ခင်ခင်ဝင်း(၁၃/တမည(နိုင်)၀၀၂၇၁၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည် -

Sichuan hotpot
川味火锅 = စီချွမ် အရသာဟော့ပေါ့
(Sichuan Flavour hotpot)

လျှောက်လွှာအမှတ်- T/2026/ 005500၊ မြွက်ဟကြေညာစာချုပ်အမှတ်-၄/၃၁၇၅/၂၀၂၆

အထက်ဖော်ပြပါ "Sichuan" 川味火锅 အမှတ်တံဆိပ်ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၂၀၂၃ ခုနှစ်မှစ၍ ယနေ့အချိန်အထိ ကောင်းသော ဂုဏ်သတင်းဖြင့် ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းတစ်ခုဖြစ်ပါသည်။

အထက်ဖော်ပြပါ "Sichuan" 川味火锅 အမှတ်တံဆိပ်ဖြင့်ပင် မူပိုင်အမှတ်တံဆိပ်အဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ မှတ်ပုံတင်ပေးပါရန် လျှောက်လွှာအမှတ် -T/2026/005500ဖြင့် မှတ်ပုံတင်လျှောက်ထားပြီးဖြစ်သကဲ့သို့ ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မြွက်ဟကြေညာစာချုပ်အမှတ်-၄/၃၁၇၅/၂၀၂၆ ဖြင့် မှတ်ပုံတင်သွင်းချုပ်ဆိုထားသော အမှတ်တံဆိပ်ဖြစ်ပါသည်။

အထက်ဖော်ပြပါ "Sichuan" 川味火锅 အမှတ်တံဆိပ်အမည်အမှတ်အသားအား အသုံးပြု၍ စားသောက်ဆိုင်၊ ဟော့ပေါ့ဆိုင်၊ အစားအသောက်ပြင်ဆင်ပေးခြင်းလုပ်ငန်းအမျိုးမျိုး(အပြည်ပြည်ဆိုင်ရာ ကုန်ပစ္စည်းအမျိုး အစား-၄၃) အဆိုပါမိမိလုပ်ငန်းမှ အစားအသောက်ပြင်ဆင်ပေးခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော ဟော့ပေါ့စားသောက်ရာတွင် အဆင်ပြေလွယ်ကူစေရန် နေရာထိုင်ခင်း စီစဉ်ပေးခြင်း၊ စားသောက်ဆိုင်ဖွင့်လှစ်ခြင်းတို့ကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့်အပြင် နောင်ကိုလည်းအဆိုပါ လုပ်ငန်းများအား ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အဆိုပါ "Sichuan" 川味火锅 အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတို့ ဖွင့်လှစ်သည့် ဆိုင်များ၊ ဆိုင်ခွဲများတွင် အသုံးပြုသွားမည့်အပြင် မိမိတို့လုပ်ငန်း၌ အသုံးပြုသော စာရွက်စာတမ်း၊ ဆိုင်းဘုတ်၊ ဘလောက်၊ တီရှပ်၊ မဂ္ဂဇင်းကြော်ငြာအမျိုးမျိုး၊ တံဆိပ်တုံး၊ ငွေရပြေစာဖြတ်ပိုင်း၊ Letter Head ၊ Internet/ Website/E-mail ၊ Social Media Digital Marketing အစ ရှိသည်တို့အပေါ်တွင်လည်း ယင်းအမှတ်တံဆိပ်ကို အရွယ်အမျိုးမျိုးတို့ဖြင့်ကပ်နှိပ်၍၊ ဖိနှိပ်၍၊ ရိုက်နှိပ်၍၊ အသားတံဆိပ်ပြုလုပ်၍ လုပ်ငန်း၏လိုအပ်ချက်ပေါ်မူတည်၍ အမျိုးမျိုးအသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသား၏အားလုံးကိုဖြစ်စေ၊ တစိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား ၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားတုပပြုလုပ်သုံးစွဲခြင်း မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါကြောင်းတွေ့ရှိပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဒေါ် အေးသန့်ဇင် (LL.B, LL.M)** | **ဦးအောင်မျိုးခိုင် (LL.B)** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၄၆) (၂၁-၁၁-၂၀၁၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၃၆)(၂၉-၆-၂၀၁၈) |

အမှတ်(၁၉)၊ ပထမထပ်၊ ဂန္ဓမာလမ်း၊ (၆)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၀၉၀၀၁၄

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ည)၊ ဘုမ္မာ(၈)လမ်း၊ မြေကွက်အမှတ်(၂၆၄)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ ဒေါ်ပြုံးပြုံးအေး (N/OKA- ၀၄၉၉၄၇) အမည်ပေါက်ပြီး မိခင်ကြီး ဒေါ်ဘေဘီ (CE-၀၂၂၈၁၄) [၁၂/ဥကမ(နိုင်) ၀၈၂၀၁၆] ပိုင်ဆိုင်နေထိုင်လျက်ရှိသည့် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါ အဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် မိခင်ကြီး ဒေါ်ဘေဘီနှင့် ကွယ်လွန်သူဖခင်ကြီး ဦးသီး တို့မှ မွေးဖွားထားသော တစ်အူထုံ့ဆင်းမောင်နှမများဖြစ်သည့် ၁။ ဒေါ်ဖြူဖြူ ၂။ ဒေါ်တိုးတိုးမာ၊ ၃။ ဦးသန်းဝင်း၊ ၄။ ဒေါ်ပြုံးပြုံးအေး၊ ၅။ ဒေါ်မြင့်မြင့်အေးတို့နှင့်သာ သက်ဆိုင်သောအမွေဆိုင် အိမ်နှင့်ခြံမြေဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မိခင်ကြီးအပါ အဝင် မောင်နှမတစ်ဦးတစ်ယောက်မျှမသိရှိဘဲ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်းများမပြုလုပ်ကြပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်အေး [၁၂/မဂတ(နိုင်) ၀၃၄၀၄၁]၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နှင်းဆီ(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၄၄၁)**
**အမှတ် (၁၈၆)၊ ဗဟိုလမ်း ၊ ကျွန်း/လယ်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉- ၇၉၄၄၆၇၁၆၅**

## ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၆/၄)၊ မြေကွက်အမှတ်- ၈၇၇+၈၈၀၊ အကျယ် (၆၀x၁၂၀)ပေ ဒေါ်အေး အေးမြင့် အမည်ပေါက် နှစ်(၆၀) ဂရန်မြေနှင့်ပတ်သက်၍ ယင်းမြေကွက်ပေါ်တွင် အဆောက်အဦဆောက်လုပ်ခြင်းအတွက် လွှဲအပ်ထားသည့် မှတ်ပုံတင်အမှတ်- ၁၆၄၂/ ၂၀၂၃ ကိုယ်စားလှယ်လွှဲစာအား အဆောက်အဦပြီးစီး၍ ကန်ထရိုက်တာ ဦးလှဝင်း မှ မြေရှင်သို့ မေတ္တာဖြင့် မြေနှင့်အဆောက်အဦအား ပြီးစီးကြောင်း လူနေထိုင်ခွင့်နှင့်တကွ ပြန်အပ်ပြီးဖြစ်၍ ခြွင်းချက်မရှိ ရုပ်သိမ်းကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးအေးမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးသဲခိုင်**
**အထက်တန်းရှေ့နေ (စဉ်- ၄၁၃၅၃)**
**အမှတ်(၁၄၀)၊ ဒုတိယထပ်၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ-၂၀)
## တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၉၁

| | | |
|---|---|---|
| ဦးမြတ်စံ | နှင့် | ဒေါ်ညွန့်စိန် |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ ဝဇီရာ (၅)လမ်း၊ အမှတ်(၁၆၂) ရပ်နေ (ယခုနေရပ်လိပ်စာမသိသူ) တရားပြိုင် **ဒေါ်ညွန့်စိန်** သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု"**ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၁၃)ရက်၊ (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်)၊ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၂၉)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( ဂျူးဂျူးစန္ဒီကျော် )**
**တွံ့ဖက်မြို့နယ်တရားသူကြီး(၃)**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## "ဒေါ်ကြူကြူဝေ [၁၂/အစန (နိုင်) ၁၀၅၈၁၈] နှင့် အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်မောင်အေး [၉/မရမ(နိုင်) ၀၂၉၇၃၃] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဒေါ်ကြူကြူဝေနှင့် အများသိစေရန် ကြေညာအပ်ပါသည်-

ဦးတင်မောင်အေးနှင့် ဒေါ်ကြူကြူဝေတို့သည် (၃၁-၅-၁၉၉၁) ခုနှစ်တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သားသမီး (၃)ဦး ထွန်းကားခဲ့သည်ဟု သိရှိရပါသည်။ ထိုသို့ ပေါင်းသင်းနေထိုင်စဉ်ကာလအတွင်း ဦးတင်မောင်အေးမှ ၎င်း၏မိဘများအပေါ် သားသမီးဝတ္တရားအရ ထောက်ပံ့ခြင်းအား မကြိုက်မနှစ်သက်၍ ခင်ပွန်းသည်အပေါ် နှိမ့်ချစွာပြောဆိုခြင်း၊ အစဉ်အမြဲစိတ်နှလုံးမသာယာအောင် နေ့စဉ် ပြောဆိုခြင်းများ ပြုလုပ်နေသည့်အပြင် လူကြီးမင်းမှ အတူ မနေနိုင်ရန် ရည်ရွယ်၍ ကျွန်ုပ်မိတ်ဆွေ၏ အဝတ်အစားနှင့် အဝတ်အစားထည့်သည့် အိတ်၊ အခြားအသုံးအဆောင်များအား အိပ်ခန်းပြင်ပသို့ စွန့်ပစ်ကြောင်းကိုလည်း ကျွန်ုပ်သိရှိရပါသည်။ ဦးတင်မောင်အေး အလုပ်မှ ပြန်လာသောအခါတွင်လည်း နေစရာမရှိလို့ ပြန်လာတာလားဟု ရင့်သီးစွာ ပြောဆိုဆက်ဆံမှုများသည် တရားဝင်ခင်ပွန်းအနေဖြင့် မည်သို့ခံစားရသည်ကို လူကြီးမင်းမှ ဥပေက္ခာပြုခဲ့ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် သားသမီး (၃)ဦး၏မျက်နှာအား ထောက်ထား၍ သည်းခံပေါင်းသင်းနေထိုင်ရာ လူကြီးမင်းသည် ခင်ပွန်းသည်အပေါ် ဖိနှိပ်ခြင်း၊ အတူ မနေထိုင်နိုင်အောင် အဆက်မပြတ် ပြုလုပ်ပြောဆိုနေခြင်းတို့အပြင် မယားဝတ္တရားနှင့်အညီ ဆက်ဆံခြင်းမပြုသည့်အတွက် လူကြီးမင်း၏ စွန့်ပစ်ခြင်းအပေါ် ကျွန်ုပ်၏ မိတ်ဆွေမှ နားလည်သဘောပေါက်ပြီး ပေါင်းသင်းဆက်ဆံခြင်းမပြုတော့ဘဲ သီးခြားနေထိုင်ခဲ့သည်မှာ ၃ နှစ်ခွဲကျော်ရှိပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်းနှင့် ကျွန်ုပ်၏မိတ်ဆွေတို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်၍ လူကြီးမင်းမှ အတူမနေထိုင်ရန် စတင် စွန့်ပစ်ခဲ့သည့် အပြုအမူများကြောင့် ၃ နှစ်ခွဲကျော် ကာလအတွင်း တစ်ဦးနှင့်တစ်ဦး ပေးကမ်းထောက်ပံ့မှုမရှိခြင်း၊ အဆက်အသွယ်မပြုလုပ်တော့သည့်အပေါ် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ကျွန်ုပ်၏ မိတ်ဆွေမှလည်း ယခုကြေညာသည့်နေ့မှစ၍ တရားဝင် ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် ဒေါ်ကြူကြူဝေ၏ ပြုမူဆောင်ရွက်မှု ကိစ္စအဝဝတို့သည် ဦးတင်မောင်အေးနှင့် လုံးဝ မသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်လေးလေးထိုက် LL.B, D.B.L, D.I.L** | **ဒေါ်ကေသီအောင် (LL.B, DBL, DIL)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်- ၈၉၀၇) (၂၁-၃-၂၀၁၃)** | **(စဉ်-၂၅၆၅၅) (၂၂-၂-၂၀၀၇)** |
| **ရုံးခန်း-အမှတ်(၅၁၄/၅၁၈)၊ 3A၊** | **အမှတ်(၂၇၃)၊ အောင်မင်္ဂလာ(၃)လမ်း၊** |
| **တိုင်းရင်းမေကွန်ဒို၊ ကုန်သည်လမ်း၊** | **လှည်းကူးမြို့။** |
| **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** | **Ph: 09-448004619** |
| **Ph: 09-43133989** | |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တိုးချဲ့ (၄)ရပ်ကွက်၊ မြေကွက်အမှတ်(တ-၁၁) (ယခင်) ပြေစာအမည်ပေါက် ဦးသန်းမောင် (ဘ) ဦးတိုးကြည် အမည်မှ (ယခု) ဒေါ်သီတာ ပြေစာအမည်ပေါက် အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါက်တာမမလေး (ခ)မရှုက်စာနာ [၁၄/ကစန (နိုင်) ၀၇၉၄၅၀]က မိမိတစ်ဦးတည်း ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံသဖြင့် ဒေါ်မေသဥ္ဇာမောင် [၁၂/ဥကတ(နိုင်) ၁၄၉၂၂၉]မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ထားသောနေ့ရက်အတွင်း ကန့်ကွက်သူမရှိပါက ခြံမြေအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေလင်းအေး (LL.B, DBL, DIL)**
**အထက်တန်းရှေ့နေ (စဉ်- ၃၃၅၂၄) ရက်စွဲ(၁၄-၆-၂၀၁၀)**
**အမှတ်(၃၂)၊ ဗိုလ်ဉာဏ (၃)လမ်း၊ မရမ်းကုန်း၊ (၅)ရပ်ကွက်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-979008986**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ သဲလမ်း၊ အမှတ် (၄၂) ဟုခေါ်တွင်သည့် အကွက်အမှတ် (၂၇)၊ ကျိုက်ဖောခိတောင်ကွက်၊ ဦးပိုင်အမှတ် (၂၇/က)၊ မြေအကျယ် (အလျား ၃၁ပေ ၆လက်မx အနံ ၉၅ ပေ) အကျယ်ရှိ အိမ်နှင့် ခြံမြေအား ယခုရောင်းချသူများမှ အပြီးအပိုင် စွန့်လွှတ်ခြင်းကတိစာချုပ်ဖြင့် ရရှိပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူများဖြစ်ကြသည့် ၁။ ဦးဇင်ဦး၊ ၂။ ဦးရန်ကြီးအောင်၊ ၃။ ဦးသိန်းဇော်၊ ၄။ ဦးအောင်နိုင်၊ ၅။ ဦးမြင့်သိန်း၊ ၆။ ဒေါ်ကေသွယ်သိန်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မီနာချီ (ဘ) ဦး MARYAR [၁၂/သလန(ပြု) ၀၀၅၆၇၂]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ အိမ်ခြံမြေနှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့် တရားဝင်စာချုပ်စာတမ်းအထောက်အထား၊ စာရွက်စာတမ်း(မူရင်း) အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါ အိမ်နှင့်မြေအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးသန္တာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၇၉၉/၂၀၁၄)**
**၀၉ - ၄၂၀၁၉၂၈၂၅**
**(ရုံးခန်း) သန်လျင်ခရိုင် တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊**
**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၃/၁၆)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ လမ်းခွဲ (၃)၊ အမှတ် (၂၂၇)နေ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဝင်းမြင့်စော [၇/သနပ (နိုင်)၀၁၀၄၅၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၁)လမ်း၊ အမှတ် (A-29)နေ ဦးလှိုင်စိန် [၁၂/မရက(နိုင်) ၀၄၁၈၀၆]မှ ကျွန်ုပ်မိတ်ဆွေနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းလုပ်ကိုင်မည်ကို သဘောတူပြီး တိုက်ခန်းများဆောက်လုပ်ရန် မြေရှင်နှင့် သဘောတူစာချုပ်များတွင် ကျွန်ုပ်မိတ်ဆွေအား ပူးတွဲကန်ထရိုက်အဖြစ် လက်မှတ်ရေးထိုးစေသော်လည်း ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ ဦးလှိုင်စိန် တစ်ဦးတည်းကသာ စီမံဆောင်ရွက်လုပ်ကိုင်ခြင်း၊ ငွေကြေးကိုင်တွယ်သုံးစွဲခြင်းတို့ဖြင့် အစအဆုံးဆောင်ရွက်ခဲ့ပြီး ကျွန်ုပ်မိတ်ဆွေအား ပါဝင်လုပ်ကိုင်စေမှုမရှိသည့်အပြင် ငွေကြေးစာရင်း ရှင်းလင်းခြင်းလည်းမရှိသဖြင့် ၎င်းတစ်ဦးတည်း၏ စီမံလုပ်ကိုင်ဆောင်ရွက်ခြင်းများကြောင့် ကျွန်ုပ်မိတ်ဆွေမှာ ပူးတွဲကန်ထရိုက်ဖြင့် လက်မှတ်သာရေးထိုးထားရသော်လည်း ဦးလှိုင်စိန် ဆောင်ရွက်နေသော ဆောက်လုပ်ရေးလုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်လုပ်ကိုင်ရခြင်းလည်းမရှိသလို မည်သည့်အခွင့်အရေး အကျိုးခံစားခွင့်တစ်စုံတစ်ရာတို့ကိုလည်း မရရှိပါကြောင်းနှင့် ၎င်းဆောင်ရွက်ထားရှိသော ဆောက်လုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ကျွန်ုပ်မိတ်ဆွေထံတွင် မည်သို့မျှ ပါဝင်ပတ်သက် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းမြင့်စော [၇/သနပ (နိုင်) ၀၁၀၄၅၄] ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုမြတ်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၅၂၁)**
**အမှတ် (၄၉၄)၊ ပထမထပ်၊ အခန်း (၁)၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉ - ၄၂၀၁၄၄၇၄၁**

## ဒေါ်မိုးမိုးအေး [၁၂/လသယ (နိုင်) ၀၇၁၇၅၈]နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးကျားဟွ [၁/မကန(ဧည့်) ၀၀၀၅၃၃]နှင့် ဒေါ်မိုးမိုးအေး [၁၂/လသယ(နိုင်) ၀၇၁၇၅၈]တို့သည် လွန်ခဲ့သော (၁၃)နှစ်ခန့်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သားယောကျ်ားလေး (၂)ဦးပင် ထွန်းကားခဲ့ပါသည်။

သို့သော် ဒေါ်မိုးမိုးအေးသည် ကျွန်ုပ်၏မိတ်ဆွေ ဦးကျားဟွနှင့် အသက်အရွယ်ကွာခြားမှုကိုအကြောင်းပြု၍ ကျွန်ုပ်မိတ်ဆွေ၏ အလိုလိုက်မှုကို အခွင့်ကောင်းယူကာ ဇနီးမယားတစ်ဦး၏ တာဝန်ဝတ္တရားများကို ကျေပွန်ခြင်းမရှိ၊ အိမ်ရှင်မတစ်ဦး၏ တာဝန်များကိုလည်း ကျေပွန်ခြင်းမရှိသည့်အပြင် လူမမယ် ကလေး(၂)ဦးအပေါ်တွင်လည်း မိခင်တစ်ဦး၏ကြင်နာမှုမေတ္တာတရားနှင့် တာဝန်ဝတ္တရားများကိုလည်း ကျေပွန်ခြင်းမရှိ ပျက်ကွက်ခဲ့ပါသည်။

ထို့အပြင် မိမိသဘောအလျောက် အိမ်ပေါ်မှအကြိမ်ကြိမ်ဆင်းသွားကာ ကျွန်ုပ်မိတ်ဆွေ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာတို့ကိုမကြာခဏထိခိုက်နာကျင်စေသည့်အပြင် ငွေကြေးကိစ္စများကိုပါ မကြာခဏလိမ်လည်ရယူ၍ အခြားသူများအား ပေးကမ်းထောက်ပံ့ခြင်းဖြင့် ကျွန်ုပ်မိတ်ဆွေအား ထိခိုက်နာကျင်အောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသည်။

ထို့အပြင် (၁၂-၉-၂၀၂၆)ရက်နေ့ ည (၉)နာရီခန့်တွင် မိသားစုပိုင်ငွေကြေးများကိုယူ၍ အိမ်ပေါ်မှဆင်းသွားကာ ကျွန်ုပ်မိတ်ဆွေနှင့် လူမမယ်သား (၂)ယောက်ကို အိမ်အပြင်မှ သော့ခတ်ကာ ရက်စက်စွာ စွန့်ပစ်သွားခဲ့ပါသည်။ အကြိမ်ကြိမ်ဆက်သွယ်သော်လည်း ဆက်သွယ်၍မရခဲ့ပါ။

သို့ပါ၍ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ ဒေါ်မိုးမိုးအေးနှင့် လုံးဝပတ်သက်မှုမရှိကြောင်း၊ တာဝန်မယူတော့ကြောင်း ပစ္စည်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍လည်း ဒေါ်မိုးမိုးအေးနှင့် လုံးဝ သက်ဆိုင်မှုမရှိတော့ကြောင်း ထို့အပြင် ဒေါ်မိုးမိုးအေးအား သွေးဆောင်ဖြားယောင်း လက်ခံထားသူများအားလည်းကောင်း၊ သားငယ် (၂)ဦးကိုလည်း ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ သွေးဆောင်ဖြားယောင်းခေါ်ဆောင်ခြင်း၊ ခိုးယူခြင်းပြုလုပ်ပါကလည်းကောင်း၊ မည်သူ့ကို မဆို ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်မိုးမိုးအေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဦးကျားဟွ** | **ဦးရဲမြင့် (B.A, H.G.P, PGDL)** |
| **[၁/ကမန(ဧည့်) ၀၀၀၅၃၃]** | **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၆၅၇)** |
| | **အမှတ်(၅၀)၊ ပထမထပ်၊ အခန်း(D-4/5) ဘဏ်လမ်း၊** |
| | **ကျောက်တံတားမြို့နယ်၊ရန်ကုန်။** |
| | **ဖုန်း- ၀၉-၂၆၄၁၂၉၆၁၉၊ ၀၉-၇၉၉၆၆၃၉၁၅** |

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စစ-၄)၊ ဦးပိုင်အမှတ် (၆၈) ခဲစင်း၊ ၅၆x၅၇ ကြား၊ ၁၀၅x၁၀၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးတင်အေး [၉/မရမ (နိုင်) ၀၇၈၄၂၆]၏ (GP ရရှိသူ ဒေါ်သန်းသန်းမြင့်)က အမှုတွဲအမှတ် (၂၆၃၂/၂၀၂၆-၂၀၂၇) ဖြင့် ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (စစ-၄)၊ ဦးပိုင်အမှတ် (၆၈)ခဲစင်း၊ ၅၆x၅၇ ကြား၊ ၁၀၅x၁၀၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးတင်အေး [၉/မရမ (နိုင်) ၀၇၈၄၂၆]၏ (GP ရရှိသူ ဒေါ်သန်းသန်းမြင့်)က အမှုတွဲ အမှတ် (၂၆၃၃/၂၀၂၆-၂၀၂၇) ဖြင့် ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (တတ-၄၇)၊ ဦးပိုင်အမှတ် (၃၆)၊ ၅၈x၅၉ ကြား၊ ၁၂၄x၁၂၅ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအေးအောင် [၉/မနတ(နိုင်) ၀၆၅၈၃၃]က အမှုတွဲအမှတ် (၂၆၃၆ / ၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/အနော်မာ)၊ မြေကွက်အမှတ်(၆၉၂/ခ)၊ အကျယ်အဝန်း (၂၀x၆၀)ပေ၊ (၁၂၀၀) စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၆၉၂/ခ)၊ အနော်မာ(၁၆)လမ်း၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက် ပိုင်ဆိုင်သူ **ဒေါ်ဖာတမာ** (S/RGN- ၀၀၃၄၀၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **အမရဝတီ(ခ)ဒေါ်စန်းမြင့်** [၁၂/သကတ(နိုင်) ၁၂၈၈၄၁]က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားခဲ့ပြီး ယခုအခါ ယင်းမြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် လိုအပ်ပါသဖြင့် ဒေါ်ဖာတမာ အနေဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေထံ ဆက်သွယ်ဆောင်ရွက်ပေးပါရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီရိဝင်း (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၁၁၀) (၂၉-၇-၂၀၁၄)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း- ၀၉-၄၅၀၀၁၉၇၄၅**

## အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၅/က)၊ အကျယ်အဝန်း (၂၀x၆၀)ပေ၊ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၅/က)၊ ဇင်္ဂမလမ်း၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက် ပိုင်ဆိုင်သူ **ဒေါ်တင်** (CF-၀၇၇၄၂၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးသန်းမြင့်** [၁၂/သကတ(နိုင်) ၁၇၄၂၅၃]က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားခဲ့ပြီး ယခုအခါ ယင်းမြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်လိုအပ်ပါသဖြင့် ဒေါ်တင်အနေဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေထံ ဆက်သွယ်ဆောင်ရွက်ပေးပါရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီရိဝင်း (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၁၁၀) (၂၉-၇-၂၀၁၄)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း- ၀၉-၄၅၀၀၁၉၇၄၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော် (Star City) အိမ်ရာ၊ တိုက်အမှတ်-(B-5)၊ အခန်းအမှတ်-(1119)၊ (11)လွှာ၊ (2BR) တိုက်ခန်းဧရိယာ (၉၃၈)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါက်တာသဲဆုမြတ် [၁၂/အလန(နိုင်) ၀၄၃၀၂၆]က အမည်ပေါက်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းပြီး ပြန်လည် ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ပြန်လည်ရောင်းချလိုကြောင်း ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးဖြိုးမြတ်အောင် [၁၄/ဟသတ(နိုင်) ၃၀၉၃၄၈]က အဆိုပါ ကွန်ဒိုတိုက်ခန်းကို အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ဥပဒေအရ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဖြိုးမြတ်အောင်[၁၄/ဟသတ(နိုင်)၃၀၉၃၄၈]၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၀၈၅)**
**အမှတ် (၃၈၃)၊ (၁၃)လမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၇၉၉၂၉၄၈၉၄**

## ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၄)၊ မြေကွက်အမှတ် (၈၇၃/က)၊ မြေပေအကျယ် (၂၀x၆၀)ပေ၊ (၁၂၀၀) စတုရန်းပေအကျယ်ရှိ ဦးအောင်ကြည် (AH-၀၆၉၈၄၆) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဖြူဟ္မစိုရ်လမ်း၊ အမှတ်(၈၇၃/က)ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ထားရှိပိုင်ဆိုင်လျက် အရှုပ်အထွေးကင်းရှင်းကြောင်း၊ အခြားသူသို့ ရောင်းချပေါင်နှံ၊ လွှဲပြောင်းထားခြင်း တစ်စုံတစ်ရာမရှိကြောင်းနှင့် တောင်ဥက္ကလာပမြို့နယ်တရားရုံးတွင် ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်(၉၈)အမှုဖြင့် မြေအမည်ပေါက် ဦးအောင်ကြည် အပေါ် ယခုရောင်းသူ D.R ချောင်ဒရီ(ခ)ဦးထွန်းထွန်းဦးမှ တရားလိုပြုလုပ်၍ "ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု"ဖြင့် တရားစွဲဆိုရာ (၁၆-၃-၂၀၂၆)ရက်နေ့တွင် အနိုင်ဒီကရီရရှိခဲ့ကြောင်း၊ ထိုအနိုင်ဒီကရီရရှိသူ မိမိတစ်ဦးတည်းမှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆို၍ ရောင်းချသူ D.R ချောင်ဒရီ(ခ) ဦးထွန်းထွန်းဦး (ဘ) S.K ချောင်ဒရီ [၁၂/ဗတထ(နိုင်) ၀၂၉၁၃၈]က ယင်းမြေနှင့်အိမ်ကို အပြီးအပိုင်ရောင်းချလိုကြောင်း ကမ်းလှမ်းမှုအပေါ် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းဖြူဖြူအေး (ဘ) ဦးအေး [၁၃/တကန(နိုင်) ၀၀၃၈၉၁]သည် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းသူထံသို့ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည်။

ဤမြေနှင့်အိမ် အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးအောင် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၁၃၄၆)**
**အမှတ်- ၆၆၊ ပထမထပ်(အေ)၊ မွေစိန္တာလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၉၇၆၃၅**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၂/ပေါင်းလောင်း-၂ ရှိ ဦးဉာဏ်မျိုးအောင် (ဘ) ဦးတင်ငွေ [၁/မကန(နိုင်)၀၈၃၆၁၄]အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အမှတ် (၂၄၊ ၃၃)၊ ဧရိယာ (၀.၁၉၈)ဧက၏ မြေငှားစာချုပ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် **မြေငှားစာချုပ်မိတ္တူမှန်** ထုတ်ယူခွင့်ပြုပါရန် အမည်ပေါက်သူမှ ကျမ်းကျိန်ဆိုချက်၊ ရပ်ကွက်/ ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေငှားစာချုပ်မိတ္တူမှန်** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂၊ မြေကွက်အမှတ်-၁၂၅၄၊ မြေကွက်တည်နေရာအမှတ်(၁၂၅၄)၊ သခင်အုန်းဖေကြီးလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်နန့်ချစ်ခက်(WKA-၁၆၂၃၉၄) အမည်ပေါက် နှစ်(၆၀)မြေငှား(ဂရန်)မြေအား အမည်ပေါက်ဒေါ်နန့်ချစ်ခက် (WKA-၁၆၂၃၉၄)(မိခင်)နှင့်ဦးထွန်းရွှေ(ဖခင်)တို့ ကွယ်လွန်သဖြင့် ဦးဇော်ထွန်း[၁၂/လမတ(နိုင်)၀၀၈၂၉၆]၊ ဒေါ်ယဉ်ယဉ်ရွှေ[၁၂/လမတ(နိုင်)၀၀၃၆၂၃]၊ ဒေါ်သိန်းသိန်းအေး[၁၂/လမတ(နိုင်)၀၀၃၃၈၆]တို့မှ ၎င်းတို့သည်သာ တရားဝင် အမွေဆက်ခံခွင့်ရှိသည့် သား/သမီးများ တော်စပ်ကြောင်း၊ ၎င်းတို့(၃)ဦးမှလွဲ၍ အခြားသော မွေးချင်း တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကွယ်လွန်သူမိဘများသည် ခရစ်ယာန်ဘာသာကိုးကွယ်သူများဖြစ်သော်လည်း မကွယ်လွန်မီ မည်သည့် သေတမ်းစာမျှ ရေးသားခဲ့ခြင်းမရှိပါကြောင်း၊ ကိတ္တိမသား/သမီး မွေးစားထားခြင်းလည်း မရှိပါကြောင်း၊ ၎င်းတို့(၃)ဦးသာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကတိသစ္စာပြုလွှာ၊ ထပ်ဆင့်ထောက်ခံ ကတိသစ္စာပြုလွှာ(၂)စောင်၊ သေစာရင်း၊ ဂရန်၊ နိုင်/ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရန်ကုန်သစ်၊ မြေကွက်အမှတ်-၄၆၃၊ ဧရိယာ(၂၆၂၅)စတုရန်းပေ၊ မြေကွက်တည်နေရာ-အမှတ်(၄၆၃)၊ ဘုရင့်နောင်(၁၁)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဒေါ်ခင်ခင်သန်း[၁၂/သဃက(နိုင်)၀၈၆၆၀၈]၊ ဒေါ်လှလှဝင်း[၁၂/သဃက(နိုင်)၀၈၆၆၀၉]၊ ဒေါ်သူဇာဝင်း[၁၂/သဃက(နိုင်)၀၉၆၁၃၇]၊ ဒေါ်သီသီဝင်း[၁၂/သဃက(နိုင်)၁၅၃၈၅၄]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ခင်သန်း၊ ဒေါ်လှလှဝင်း၊ ဒေါ်သူဇာဝင်း၊ ဒေါ်သီသီဝင်းတို့ကို (တရားပြိုင်)ထားကာ ဦးမြသက်အောင်မှ (တရားလို) ပြုလုပ်၍ ကတိပဋိညာဉ် အတိုင်းအရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ချုပ်ဆိုပေးစေလိုမှုဖြင့် စွဲဆိုခဲ့သည့် သင်္ဃန်းကျွန်းမြို့နယ်တရားရုံးတော်၌ တရားမကြီးမှုအမှတ်(၇/၂၀၂၆)၏ စီရင်ချက်ဒီကရီ၊ တရားမဇာရီမှုအမှတ်(၇/၂၀၂၆)၏ ထုံးပုံကျအပြီးသတ်အမိန့်၊ (၂၈-၇-၂၀၂၆)ရက်စွဲပါ ဘီလစ်ခန့်စာ ဂရန်မူရင်း၊ နိုင်/ကတ်တို့တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ် ဦးထွန်းထွန်းအောင်[၉/မလန(နိုင်)၀၉၅၇၆၈]က အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ မြေကွက်အမှတ်(၁၈၁)၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၈၁)၊ စိန်ရတနာလမ်း၊ (၅/၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဒေါ်ခင်လှမြိုင်[၁၂/ကမတ(နိုင်)၀၁၈၇၃၅] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ရွှေပြည်သာမြို့နယ်တရားရုံးတော်၏ တရားမကြီးမှုအမှတ်-၆၂/၂၀၂၅ ဖြင့် ဒေါ်ခင်လှမြိုင်အား တရားပြိုင်ပြု၍ တရားလို ဒေါ်ပပခိုင်မှ အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ကြီး ချုပ်ပေးစေလိုမှု စွဲဆိုခဲ့ရာ ဒေါ်ပပခိုင်မှရရှိခဲ့သည့် (၁၃-၁-၂၀၂၆)ရက်စွဲပါ တရားရုံးစီရင်ချက်အနိုင်ဒီကရီနှင့် တရားရုံးကိုယ်စား လိုက်ပါဆောင်ရွက်ရန်အတွက် ဘီလစ်ဒေါ်ငုဝါ[၁၂/လမန(နိုင်)၀၂၉၆၃၃]အား ခန့်အပ်သည့် (၂၆-၆-၂၀၂၆)ရက်စွဲပါ တရားမဇာရီမှုအမှတ်(၉/၂၀၂၆)၏ ထုံးပုံကျအပြီးသတ်အမိန့်၊ ရွှေပြည်သာမြို့နယ်တရားရုံး၏ (၂-၇-၂၀၂၆)ရက်စွဲပါ ဘီလစ်ခန့်အပ်စာ၊ နှစ်(၆၀)ဂရန်မူရင်း၊ တရားရုံးသို့ တင်ပြခဲ့သည့် အရပ်ကတိအရောင်းအဝယ်စာချုပ်၊ တရားရုံးဒီကရီ အထောက်အထားများ၊ တရားရုံးမှ တာဝန်ပေးအပ်ခြင်းစာ၊ နေ့စဉ်မှတ်တမ်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅ )
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှု အမှတ် ၅၉

| | | |
|---|---|---|
| ဦးတင်ထွဋ် | နှင့် | ၁။ ဦးမောင်မောင်တင် |
| | | ၂။ ဒေါ်ဝင်းမာလာ |
| | | ၃။ ဒေါ်စန္ဒာတင် |
| **တရားလို** | | **တရားပြိုင်များ** |

အမှတ်(၂၀/အေ)၊ မေလိခလမ်း၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရပ်နေ တရားပြိုင်အမှတ်(၂) ဒေါ်ဝင်းမာလာ (၃) ဒေါ်စန္ဒာတင် (ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

သင့်အပေါ်၌ တရားလိုက “ကျူးကျော်ထားသော မြေပေါ်ရှိအဆောက်အဦ အစိတ်အပိုင်းများကို ဖယ်ရှားပေးပြီး မြေလက်ရောက်ပေးအပ်စေလိုမှု”ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်။(၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်)နေ့ မွန်းလွဲ (၁:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးသင်းအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်-၁၁၀၊မြေကွက်-၂၂၆၊ မြေကွက်တည်နေရာအမှတ်-၂၂၆၊တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊(၁၁၀)ရပ်ကွက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ဦးမြင့်အောင်ကို(၁၂/လမတ(နိုင်)၀၃၀၆၂၁) ဒေါ်ယုယုဝေ(၁၂/ပဘတ(နိုင်)၀၀၅၀၄၈)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်တစ်ဦးဖြစ်သူ(ခင်ပွန်း)ဦးမြင့်အောင်ကိုသည်(၇-၇-၂၀၁၂)နေ့တွင်ကွယ်လွန်သဖြင့်ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ(ဇနီး)ဒေါ်ယုယုဝေမှတရားဝင်တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာများ၊သေစာရင်း၊အိမ်ထောင်စုစာရင်း၊နှစ်(၆၀)ဂရန်၊နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာမြေပေါ်တွင်မြေကွက်လပ်ဖြစ်ပြီးကွင်းဆင်းစစ်ဆေးသည်ကိုသိရှိကြောင်းလျှောက်ထားသူမှလက်မှတ်ရေးထိုးပေးပါသည်။သို့ဖြစ်ပါ၍ဒေါ်ယုယုဝေမှပိုင်ဆိုင်မြေပုံကူးလျှောက်ထားခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၈)လမ်း၊ အပိုင်း(၃)၊ အမှတ်- ၁၈၈၊ ၅ ထပ်တိုက် ၅ လွှာ၊ B ဝဲ၊ ၁၂ ½ ပေx၅၀ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိပြီး ရောင်းချလိုကြောင်း ဒေါ်နုနုထွေး[၁၂/သဃက(နိုင်)၁၇၀၈၉၇]က ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန္ဒာချို[၁၂/တမန(နိုင်)၁၁၀၂၃၈]က ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နန္ဒာချို ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမြတ်ဝေချို [B.A(Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၅၀)**
**အမှတ်-၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၄၃၄၅၇၄၆၊ ၀၉-၉၇၁၈၁၁၉၈၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ(၄)လမ်း၊ အမှတ်-၁၉၀/က၊ ၁ ခန်းတည်း ၆ ထပ်တိုက်၏ တတိယထပ်၊ ၄ လွှာ၊ (၁၈ပေx၅၄ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိပြီး ရောင်းချလိုကြောင်း ဒေါ်မွန်မွန်ခိုင်[၁၂/သကတ(နိုင်)၁၅၂၅၃၃]က ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအေးမင်းနိုင်[၁၀/ပမန(နိုင်)၁၅၅၈၁၈]က ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအေးမင်းနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမြတ်ဝေချို [B.A(Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၅၀)**
**အမှတ်-၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၄၃၄၅၇၄၆၊ ၀၉-၉၇၁၈၁၁၉၈၁**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂/ပန်းလှိုင်(Lotus Garden)၊ မြေကွက်အမှတ်(၁၉၃/၆၆-၉)၊ ဧရိယာ(၀.၀၉၇)ဧက၊ နှစ်(၆၀)မြေငှားစာချုပ်အမည်ပေါက်မှာ ဒေါ်မြင့်ထွေး[၁၂/ကတတ(နိုင်)၀၂၅၉၄၈] (ဘ) ဦးလင်စွန်ပစ် ဖြစ်ပါသည်။ အဆိုပါမြေကွက်အား မြေကွက်နှင့်အဆောက်အဦ အရောင်းအဝယ်စာချုပ်အမှတ်(၄၇၃၁/၂၀၂၆)၊ နေ့စွဲ(၄-၅-၂၀၂၆)တင်ပြ၍ ဦးထွန်းအေး[၁၂/လသန(နိုင်)၀၁၄၄၁၅](ဘ)ဦးမြင့်ရွှေ၊ ဒေါ်နန်းဝင့်ကျောက်[၁၃/ကတန(နိုင်)၀၆၃၃၄၄] (ဘ)ဦးစိုင်းဇော်မင်း အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဤဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်-ဗဗ-၁၊ ဦးပိုင်အမှတ်-၉၀၊ ၄၈x၄၉ကြား၊ ၁၁၁x၁၁၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးနိုင်လင်း[၉/ခမစ(နိုင်)၀၀၈၃၅၄]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၀၈/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ DAW YOH CHINT [၁၃/ကမန(ပြု)၀၀၀၃၁၁]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ရပ်ကွက်၊ အကွက်အမှတ်-ဆ-၁၁၊ ဦးပိုင်အမှတ်-၅၅၊ ၆၈လမ်း၊ ၁၀၉x၁၁၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအေးမြင့်[၉/မသန(နိုင်)၀၁၈၃၁၂]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၈၅၈/၂၀၁၉)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မြတ်မြတ်အေး[၉/မရတ(နိုင်)၀၄၄၂၃၈]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများ ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သံဝေဂဉာဏ်ပွားတော်မူခြင်းနှင့် အထူးဝမ်းနည်း ကြေကွဲခြင်း
## ဒေါက်တာဘဒ္ဒန္တကုဏ္ဍက (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)
## (ပါမောက္ခဆရာတော်) အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
## သိက္ခာတော်(၄၂)ဝါ၊ သက်တော်(၆၂)နှစ်

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ပရိယတ္တိမဟာဌာနတွင် ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်တော်မူလျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၃)ဝိုင်း၊ သီတဂူပုလဲကျောင်း ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တကုဏ္ဍက၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သိက္ခာတော်(၄၂)ဝါ၊ သက်တော်(၆၂)နှစ်သည် (၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်)၊ ၂၉-၉-၂၀၂၆ (အင်္ဂါနေ့) နံနက် ၇:၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သိရှိရပါသဖြင့် ထေရဝါဒဗုဒ္ဓသာသနာ ကမ္ဘာသို့ပျံ့နှံ့ရေး ဆောင်ရွက်ရာတွင်လည်းကောင်း၊ စာပေကျမ်းဂန်များအား သင်ကြားပို့ချရာတွင်လည်းကောင်း၊ တက္ကသိုလ်အတွက် အလွန်အရေးပါလှသော ဆရာတော်တစ်ပါး ဆုံးရှုံးရပါကြောင်း၊ အသက်၏ အစိုးမရမှု၊ သေခြင်းတရား၏ မြန်ဆန်မှုတို့ကို ဆင်ခြင်စဉ်းစား နှလုံးထားကာ ကြီးမားသော သံဝေဂဉာဏ်ပွားတော်မူရပါကြောင်းနှင့် တပည့် ဒါယကာ၊ ဒါယိကာမများက အထူးဝမ်းနည်း ကြေကွဲရပါကြောင်း မှတ်တမ်းတင်အပ်ပါသည်ဘုရား။

**ပါမောက္ခချုပ်ဆရာတော်ကြီးအမှူးပြုသော**
**သင်ကြားရဟန်းတော်များ၊ သီလရှင်ဆရာကြီးများ၊ဆရာ/ဆရာမများ၊**
**ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် စီမံရေးရာ ဝန်ထမ်းမိသားစုများ**
**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်**

**ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း၊ စကြံ ဒါယကာကြီး**
## ဦးသိန်းထွန်း
**မကွေးတိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာနမှူး(ငြိမ်း)**
## အသက်(၈၇)နှစ်

ပဲခူးမြို့နေ (ဦးစောမောင်-ဒေါ်ရီ)တို့၏သား၊ (ဦးထွန်းအောင်-ဒေါ်ဝင်းစိန်)တို့၏ သားသမက်၊ (ဒေါ်ခင်ထွေးမြင့်)၊ ဒေါ်ကြည်ကြည်မြင့်တို့၏ ချစ်လှစွာသော ခင်ပွန်းဖြစ်သူ၊ ဦးနိုင်ဝင်း(အထွေထွေမန်နေဂျာ-ငြိမ်း၊ လျှပ်စစ်ဝန်ကြီးဌာန)-ဒေါ်ဥမ္မာထွန်း၊ ဦးသန်းဦး-ဒေါ်မီမီထွန်း(လက်ထောက်ညွှန်ကြားရေးမှူး၊ BPI)၊ ဦးကိုအောင်(ဥက္ကဋ္ဌ၊ ပြည်စုံကျော်စွာကုမ္ပဏီအုပ်စု)-ဒေါ်ဖြိုးအိ (မန်နေးဂျင်းဒါရိုက်တာ၊ ခိုင်စင်သာကုမ္ပဏီ)၊ ဦးအောင်မိုး-ဒေါ်အိအိထွန်း(London)၊ (ဦးအောင်မျိုးထွန်း)-ဒေါ်စန္ဒာဝင်းတို့၏ ဖခင်၊ ကိုဇွဲရန်နိုင်၊ မယုယမွန်တို့၏ အဘိုးဖြစ်သူ ဦးသိန်းထွန်းသည် ၂၉-၉-၂၀၂၆ ရက် နံနက် ၇:၂၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၂၆ရက် မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ခုတင်(၁,၀၀၀)ဆေးရုံ အအေးတိုက်မှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၁၀-၂၀၂၆ (တနင်္လာနေ့) နံနက် ၉ နာရီမှ ၁၂ နာရီအထိ ပုဗ္ဗသီရိမြို့နယ်၊ ပတ္တာကျောင်းစာသင်တိုက်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးခင်မောင်ဦး(ခ)အာသာတင်ကြည်
**(စိန်မိုက်ကယ် – ကျောင်းသားဟောင်း)**
## အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ ရတနာသုခလမ်း၊ အမှတ်(၄၇)၊ မြေညီထပ်နေ (ဦးတင်ကြည်-ဒေါ်မြမြဝင်း)တို့၏သား၊ (ဦးလှမြင့်-ဒေါ်ခင်မာဆွေ)တို့၏သားသမက်၊ (ဦးကျော်မိုး)-ဒေါ်မိမိတင်တို့၏ အစ်ကို၊ ဒေါ်ဆွေဆွေမြင့်၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုသီဟ-မရီရီချို၊ ကိုဆုပြည့်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မသုန္ဒြေလင်း၏ အဘိုးသည် ၂၈-၉-၂၀၂၆ (တနင်္လာနေ့) ည ၇:၁၅ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စ ရောက်သွားပါသောကြောင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၃၀-၉-၂၀၂၆(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအား ရည်စူးလျက် ဘုရားအမှူးရှိသော ပင့်သံဃာတော် အရှင်သူမြတ်တို့အား ပင့်ဖိတ်၍ ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါ၍ ၄-၁၀-၂၀၂၆(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၂ နာရီထိ အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်လွှာ

၂၁-၉-၂၀၂၆ ရက် နံနက် ၇:၀၂ နာရီတွင် ဘဝသံသရာခရီး ဆက်သွားသူ ကျေးဇူးရှင် ဖခင်ကြီး Dr.သက်အောင် အသက်(၇၄)နှစ် BVS(YGN) နာမကျန်းစဉ် ဆေးဝါးကုသ စောင့်ရှောက်ကြည့်ရှုပေးကြပါသော အောင်ရတနာဆေးရုံ၊မြောက်ဥက္ကလာပဆေးရုံကြီး ဖျားနာကုသဆောင်၊ CCUနှင့် ICU စံပြဆေးရုံကြီး အဆုတ်နှင့်ရင်ခေါင်းဌာနတို့မှ ဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးသူများအားလုံး၊ နာမကျန်းစဉ်နှင့် နာရေးကိစ္စအဝဝတို့တွင် ကူညီအားပေးစောင့်ရှောက် ထောက်ပံ့ပေးကြသော ဆွေမျိုး၊ မိတ်ဆွေသူငယ်ချင်းများအားလုံးနှင့် ဖခင်ကြီး၏ ချစ်လှစွာသော BVS(YGN)(1971–1977Batch)သူငယ်ချင်းများအားလုံး၊ ကူညီစောင့်ရှောက်ထောက်ပံ့ပေးကြပါသော တစ်ဦးတစ်ယောက်ချင်းစီတိုင်းကို ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ဆုတောင်းမေတ္တာပို့သပေးပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၂၉

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃၀ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ ဗိုလ်လုပွဲ ပွဲစဉ်တွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပပုံများကို ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV Entertainment နှင့် MRTV Sports Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ သတင်းစဉ်

## တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားသည့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၉

ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ၊ မုတ္တမကွေ့၊ မွန် - တနင်္သာရီကမ်းရိုးတန်းတို့တွင် ဖြစ်ပေါ်ခဲ့သည့် အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် တနင်္သာရီမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်း၍ မြစ်ရေမြင့်တက်မှုဖြစ်ပွားခဲ့သဖြင့် တနင်္သာရီမြို့ရှိ မြေနိမ့်ပိုင်းရပ်ကွက်များနှင့် ကျေးရွာအချို့အတွင်း ရေဝင်ရောက်မှုများ စာမျက်နှာ ၁၅ ကော်လံ ၅ သို့ ❒



## M-League ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းနှင့် Falcon အသင်း အမှတ်ပြည့်ရယူ

ရန်ကုန် စက်တင်ဘာ ၂၉

၂၀၂၆ M-League ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၇) ပထမနေ့ကို စက်တင်ဘာ ၂၉ ရက်က ကျင်းပရာ ရှမ်းယူနိုက်တက်အသင်းနှင့် Falcon အသင်းတို့ အမှတ်ပြည့်ရယူခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် စစ်ကိုင်းယူနိုက်တက်အသင်းကို နှစ်ကျော့စလုံး ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်ပြီး စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ■



ရှမ်းယူနိုက်တက်အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## ပြင်သစ်အသင်းနဲ့ အီတလီအသင်းတို့ အဝေးကွင်း နိုင်ပွဲကိုယ်စီရရှိခဲ့

ဥရောပဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပတဲ့ ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပြိုင်ပွဲအုပ်စုအဆင့် ပွဲစဉ်တွေကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာမှာ ပြင်သစ်အသင်းနဲ့ အီတလီအသင်းတို့ဟာ အဝေးကွင်းမှာ နိုင်ပွဲကိုယ်စီရရှိခဲ့ပါတယ်။

ပြင်သစ်အသင်းဟာ နာမည်ကြီးဘယ်လ်ဂျီယံအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတာဖြစ်ပြီး ဘယ်လ်ဂျီယံအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ပြင်သစ်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ဒုတိယပိုင်းပွဲကစားချိန် ၈၈ မိနစ်မှာ အိုလစ်ကသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❍



ဘယ်လ်ဂျီယံအသင်းနှင့် ပြင်သစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ဒုတိယအကျော့ အောက်တိုဘာ ၁၉ ရက်တွင် စတင်ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာလိဂ်က ကြီးမှူး၍ Max Energy ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၂၆-၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်ပြီး အောက်တိုဘာ ၁၉ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များမှာ ဩဂုတ် ၁၀ ရက်တွင် ပြီးဆုံးခဲ့ပြီး မြန်မာ့လက်ရွေးစင်အသင်းနှင့် လူငယ်လက်ရွေးစင်အသင်းများ၏ နိုင်ငံတကာပြိုင်ပွဲများ၊ မြန်မာအမျိုးသမီးလိဂ်ကလပ် ဧရာဝတီအသင်း၏ အာရှအမျိုးသမီးချန်ပီယံလိဂ်ခြေစစ်ပွဲကြောင့် နှစ်လကျော်ကြာမှ ဒုတိယအကျော့ ပြန်လည်ကျင်းပခြင်းဖြစ်သည်။ ဒုတိယအကျော့ပွဲစဉ်များကို အောက်တိုဘာ ၁၉ ရက်မှ ဇန်နဝါရီ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၊ ပဒုမ္မာကွင်း၊ YUSC ကွင်း၊ Star City ကွင်းတို့အပြင် ပုသိမ်မြို့ရှိ ကိုးသိန်းကွင်း၊ တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်းနှင့် စာမျက်နှာ ၁၂ ကော်လံ ၅ သို့ ❂

## ယနေ့ ဖတ်စရာ


မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီတို့ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ — စာမျက်နှာ ၇

အဌမအကြိမ်မြောက် မြန်မာ-တရုတ် (ယူနန်) ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် အောင်မြင်စွာ ကျင်းပပြီးစီး — စာမျက်နှာ ၉

ထိုင်းနိုင်ငံ၌ ဖြစ်ပွားသည့်ရေကြီးရေလျှံမှုအတွင်း ဒေသခံ ရှစ်ဦး သေဆုံး — စာမျက်နှာ ၁၃

မဟာဗျူဟာမြောက် စွမ်းအင်စီမံကိန်းနှင့် အမြင်သစ်မြန်မာနိုင်ငံ၏ အနာဂတ် အပိုင်း(၄) — ဆောင်းပါး စာမျက်နှာ ၁၇